
( မြိုင်ရာဇာတွတ်ပီဟုအထင်ကရဖြစ်ခဲ့ရသောစာအုပ် )
ကာတွန်း
ဆွေမင်း
ဓနုဖြူ
မြိုင်ရာဇာ
မြို့ပြခရီး
(တတိယအကြိမ်)
Swe Mint
DaNuByu



ကျွန်ုပ် နှင့်

## မြို့ပြခရီး

(ပထမအကြိမ်အမှာ)

သင်တို့ကား တောပျော်ကြီး ကျွန်ုပ် မြိုင်ရာဇာတွတ်ပီသည် မြို့ကြီးပြကြီးသို့ တစ်ရံခါမျှ ရောက်ဖူးမည်မဟုတ်ဟု အထင်ရှိကြပေမည်။

အမှန်ကား ကျွန်ုပ်သည် အတွေ့အကြုံစုံလှသော လူတစ်ယောက်ဖြစ်သည့်အားလျော်စွာ ဘဝတစ်ကွေ့ဝယ် မိတ်ဆွေသင်္ဂဟ တချို့ကို အကြောင်းပြုပြီး ကြီးကျယ်သည်နှင့်အမျှ ရှုပ်ထွေး ပွေလီလှသော ရန်ကုန်မြို့ပြသံသရာ၌ ကျွန်ုပ်၊ တပည့်ကျော် ဗိုက်ကလေး၊ ဇနီး မသေးမျှင်တို့ ကျင်လည်ဖြတ်သန်း ရောက်ရှိခဲ့ရဖူးပါပေသည်။

သင်းအကြောင်းကို နောင်လာနောင်သားများ အမှတ်အသား မမှားကြစေရန် ထောက်ညာ၍လည်းကောင်း၊ ကျွန်ုပ် ရောက်ရှိတွေ့ကြုံ ဖြစ်ပျက်ခဲ့ရသော အဖြစ်မျိုးကို ကျွန်ုပ်ကဲ့သို့ မြို့ပြကြီးသို့ မရောက်ဖူး သေးသူများ အတွေ့ကြုံရ ဆင်ခြင် သင်ခန်းစာ ယူနိုင်ကြစေရန် လည်းကောင်း ရည်ရွယ်၍ ဤမှတ်တမ်းအား ပြုစုပါသည်။

မြိုင်ရာဇာ

အခန်း(၁)

## ● မသေးမျှင်စိတ်ကူးရခြင်း







မဖြစ်နိုင်တာကြီးပြီ၊ ကောင်မလေးတွေက ကတုံးကို ကြိုက်မလား၊ ငါ့လို ဆံပင်ပုံကျမှ ဟုတ်တံ့ပေါ့...
တော်သေးတာပေါ့၊ သူ့ပုံကျနဲ့ မတူလို့...
ထိုအခိုက် ကျွန်ုပ်၏ဇနီး မလေးမှုင် က၊ အိမ်ခန်းထဲမှ အလန့်တကြား ထွက်လာပြီး...
တော်! အံ့ဩတယ်!
ဗျာ... ဗျ...
ဟိုက်... ဘာများ ထူးဦးမလဲ မသိဘူး...
မလေးမှုင်ကား သူမကိုင် လာသော ဘုတ်အုပ်ကို ကျွန်ုပ်ရှေ့ပစ်ချကာ...


ကျွန်ုပ်ကြည့်မိသော ရှေးစုံဖြင့် သရုပ်ကြည့်ရှုမြင်ရကောင်း
လှသော ရွှေတိဂုံ စေတီတော်ပုံကြီး ဖြစ်ပါပေသည်။
ရွှေတိဂုံ ပုံတော်လေမျှင်ရဲ့၊ မျှင်က ကိုယ့်ကို ဗဟုသုတစပ်းတာလား၊ မယုံး ဖူးပေးမယ် ကိုကိုတွက် သိနေပါတယ်...
မျှင်...ဖူးချင်တယ်.
ဘာအနှင်းလဲ၊ ကိုကိုတွက်လဲ တစ်သက်လုံးက သူ့ဖျားအသက် လိုက်သတ်လာတာနှောင်ဘဝ သံသရာကြွေးမပါစေချင်ဘူး...
မျှင်လဲ မှဆိုး မယားဆိုတော့ အားပေးအားမြှောက်ပြု ရှာကျွေးတယ်၊ အခုဒီမှာ သိုးကာလမှာ မျှင်ကြောက်တယ်၊ အရွယ်ကလဲရလာပြီ ဆိုတော့ ဘုရားတရားကိုပြန်သိချင်လာတယ်၊


ဟုတ်တယ်အဖေတွက်၊ ကျွန်တော်လဲ ဘုရားဖူးချင်တယ်၊ ရန်ကုန်မြို့ဆိုတာဘယ်လိုဟာ ကြီးလဲ သိချင်တယ်၊
ကျွန်ုပ်လည်း သွားချင်ပါပေသည်။ ရွှေတိဂုံဘုရားကြီး လည်းဖူး ချင်ပါပေသည်။
ကျွန်ုပ်ကား ကိုယ်တိုင် သွား ချင်သည် မှန်သော်လည်း များ စွာ စိတ်မပါသည့် ပုံစံဖြင့်... (ယင်းကား ကျွန်ုပ်၏ပင်ကိုယ် စရိုက် ဖြစ်ပေသည်။)
အင်း... ဖျင်တို့ သွားချင်လဲ လိုက်ပို့ရတာပေါ့လေ... ဗိုက်ကလေးလဲ မင်းရောက်ဖူး သေးဘူး မဟုတ်လား....


အို... ကိုကွက်ပီ...
ရှင်ကောရောက်ဖူးလို့လား၊
ကျွန်မတို့ကြောင့် လိုက်ပို့
ရတာတော့ မဖြစ်စေနဲ့၊
ရှင်စိတ်မပါရင် မသွား
တော့ဘူး။
မသေးမှုင်ကား ဒေါက်ကန်ပြီး
ထသွားလေရာ လိုက်ချွဲရ၏။
ယင်းမိန်းမကား ကျွန်ုပ်
အကြောကို ကောင်းကောင်း
သိသူဖြစ်လေရာ သူမကို
ကျွန်ုပ် ကြောက်ရ...
ဟီး...ဟီး...ဟီး...
သွားချင်ပါတယ်ကွာ၊
သွားကြတာပေါ့၊
မနှစ်က ရန်ကုန်မြို့မှ ကျွန်ုပ်ဆွေမျိုး ကိုဝင်းထွန်း
တို့ မိသားစု ကြံတိုင်းရွာကလေးသို့ အလည်လာခဲ့
သည်ကို အမှတ်ရနေမိ၏။



ကတော်...ကတော်...
ကော်...ကော်...
စားဖို့ ကိုဝင်းထွန်းနဲ့မသိုး အားမနာကြနဲ့နော်...
အို... ကြက်သတ်လိုက်၊ ဟဲ ချက်လိုက်နဲ့ နေ့စဉ်ပါ၊ အားနာလိုက်တာရှင်၊
တစ်နေ့တစ်ကောင်နှုန်း လျော့နေတယ်၊ ငါ့အလှည့် ဘယ်တော့ရောက်မလဲ မသိဘူး...


အပြန်တွင်မူ ဆန်အိတ်၊ ပဲအိတ်၊ ဆီပုံး၊ ငှက်ပျောခိုင်၊ စသဖြင့် တောထွက်သီးနှံများ ပေးလိုက်သည်မှာ အလျှံပယ်။
ထိုညမှစ၍ ကျွန်ုပ်တို့ကောင်းစွာ အိပ်မပျော်ကြတော့။ မြို့ပြသို့ထွက်ရန်သာ စိတ်စောနေကြ၏။
ယင်းခရီးကား ကျွန်ုပ်ပထမဆုံး ရောက်ခဲ့ရ မြို့ပြခရီး တစ်ခေါက်ပင် ဖြစ်ပါတော့သည်။
ဟဲ့...ကား
263

အခန်း(၂)

## ● ကျွန်ုပ် နှင့် မြို့ပြခရီး






ဪ အင်းဗျာ... သူ့မှာက အဝတ်တစ်ထည်ကိုယ်တစ်ခုပဲရှိတဲ့ဟာ၊ ဘာထည့်စရာလိုတုန်း၊ ဗိုက်ကလေးလဲ အတူတူပဲဟာ...
အရေမကောင်း တပည့်ခေါင်း ပေါ့လေ။
ဟင်... ဒါဖြင့် မှင့်ထန်းခေါက်မှာကြီးက ဘာတွေထည့်ထားသတုံး
အို... ဒါလား.. ဒါက.. မှင့် အင်္ကျီသယ်ထည့်၊ ထမီ သယ်ထည့်ခဲ့ပြီ.. ဟီ... ဟီ...
တော်ပါသေး မမှုင်။
ဒါတောင် တစ်ပတ်ပဲ နေမယ်စိတ်ကူးလို့..


ကျွန်ုပ်ဇနီး မလေးမျှင်ကား ကျွန်ုပ်ရှာဖွေရသမျှ ငွေကြေးကို ယင်းနှယ် သုံးဖြုန်းသည်း အသုံးဖြဲပေ့သည်။ အသင်တို့မိန်းမများကော အသို့နည်း။
အို... ကိုကိုတွတ်က နေ့စဉ် တောထဲဝင်နေရတာပဲဟာ၊ တောထဲမှာ တိရစ္ဆာန်တွေပဲရှိတာ၊ အဝတ်အစား မလိုပါဘူး၊
ဟာ... တွတ်ဖိလ် တို့လိုပဲပေါ့...
မျှင်ကမှ ပွဲနေ့ပွဲတိုင် သွားရတာ၊ လူတောတိုးရတာ၊ လူတွေကြားမှာ ဆိုတော့ အဝတ်ပြိုင်ရတော့ပေါ့ရှင်၊ မဝတ်နိုင်ရင် ရှာဖွေသူ ကိုယ့်ယောကျ်ားပဲ အထင်သေး ခံရမှာရှင့်၊ ရှင်အထင်သေး ခံနိုင်မလား ကိုကိုတွတ်၊



ရှာ... ရှာ... ရတဲ့နည်းနဲ့ငွေရှာ၊ လူ့အောက်မကျအောင်ဝတ်နိုင် စားနိုင်ကြောင်းပြဖို့က ခင့်တာဝန်ပဲ....
မိန်းမမယူမိတာ တော်သေးတာပေါ့
ယူမယ့် မိန်းမမှ မရှိတာ၊
ဘော်...
ဘော်....
ဟိုက်... ဗော်တော် ထွက်နေပြီ...
ဘော်...
ဗော်တော်ဆိပ်ရောက်သော် ဗော်တော်သည် ကမ်းနှင့် ငါးပေလောက်ကွာနေချေပြီ။


ကျွန်ုပ်တို့ အသည်းအသန် ပြေးရ၏။ တံတားပေါ်မှ လူများကား ဒေါသောပါး မယ်ကြရလေပြီ။
ရှောင်ကြနော်... မရှောင်ရင် ရေထဲကျမယ်...
ကျပြီ တယ်ဟေ့ယောက်!
ကျပြီဟေ့!


ကျွန်ုပ်လည်း လွယ်အိတ်ကို မော်တော်ပေါ် ပစ်ပေးရ၏။ မော်တော်ပေါ်မှ လူများလည်း ကမန်းကတန်း ဖမ်းယူကြရ၏။
မမှီကြ ပါဘူး...



ဝေးမှုင်လည်း ထန်းခေါက်ဖာကို ပစ်ပေး၏။ ကမန်းကတန်း ဖမ်းကြ၏။
ဝိုး....
ဖိုက်ကလေးလည်း ထီးကောက်နှင့် ထန်းခေါက်ဖာကို ပစ်ပေး၏။ အုယားတားယား ဖမ်းကြ၏။
ကွာနေပြီဟေ့... ခုန်ကူးကြ...
မော်တော်ကား ကမ်းနှင့် ခုနစ်ပေမျှ ကွာနေ၏။ မတတ်နိုင်တော့။ ခုန်ကူးကြသည်။


...ကျွီး... ကျွီး... ကျွီး...
ကျွန်း...အ...
ကျားမ...
1....2......သုံး...
ကျွန်ုပ်ကား အားနည်း မာန်နှင့်
ခုန်ကျူးဖော်။ ဗိုက်ကလေးက
လည်းမစေ။ ဘယ်စေမတုံး
ကျွန်ုပ်တပည့်ပေပဲ။
မင်းသားမှုင်လည်း အားက ပါပေ။
အကလေ။ တွတ်ပီကတော်
ပေပဲ။


သို့သော် ဆရာကျွန်ုပ်ကိုယ်တိုင် မော်တော် လက်ရန်းသာ ဆုပ်ကိုင် မိ၍ တွဲလောင်းကြီးဖြစ်နေလေရာ ဗိုက်ကလေးမှာ ကျွန်ုပ်ခါးကိုဖက် ရင်း၊ သေးမျှင်မှာ ဗိုက်ကလေး ခါးကိုဖက်ရင်း အတွဲလိုက်ကြီး ဖြစ်နေပေတော့သည်။
အာဏာနည် မြောက်မင်း ကွ....
မှတ်ပါ။ ကျွန်ုပ်အမြဲတမ်း ပုံမြင်ထိုက အာဏာနည် မြောက်မင်းကြီးနဲ့တူပ။
ခါးကျိုးလို့ သေတော့မယ်ဗျ
မော်တော်ပေါ်မှ လူများ ဆွဲတင် ရသာ သက်သာရာရတော့သည်။
အို...ဒိန်းမက ပုလေးသဗျ



မော်တော်ပေါ်ရောက်သော် မောဟိုက်နေကြလေပြီ။
သို့သော် ကျွန်ုပ်တို့ ကြိုးစားရ ကျိုးနပ်သဖြင့် ဝမ်းမြောက်မိသည်။
တော်သေးတာ ပေါ့ဗျာ။ ကျန် ခဲ့တော့မလို့။
သို့သော်မော်တော်ပေါ်မှ လူများ ပြောသံအဆုံးတွင် တဟားဟား ရယ်မောကြလေပြီ။ ကျွန်ုပ်တို့မှာကား အဆုံးစွန် အမောဆို့သွားရပါသတည်း။
ဟား...
ဟား...
ဟား...
ဟား...


သူတို့ပြောသည်မှာ...
မော်တော်ကားဆိုတာ မဟုတ်ဘူးဗျ၊ အခုမှ ဆိုက်ဖို့ ကားပြနေတာ. ဟား...ဟား...ဟား...
ဟား..ဟား...ဟား...ဟား
ဟား...ဟား...ဟား...ဟား
ဟား...ဟား.....ဟား...ဟား...
ဒီနေ့ ကံမကောင်းပါလား....
မှားပါတယ်၊ မှားပါတယ်၊
ထူးဆန်းပါပေ့၊ ကိုကိုတွတ်ရယ်။



သို့ပြင့် မော်တော်ထွက်ခဲ့ရာ ကျွန်ုပ်ကား မော်တော်ပေါ်တွင် စီးနင်းရာ လူများနှင့် အဖွဲ့ကျလေလျှင် ကျွန်ုပ်ကိုမြင်ရသူ တွတ်ပီမှန်း သိသည်နှင့် တအုံတကြွ ဖြစ်ကြပြီး စာထုံး စာသင်း သမျှ ပေးမောကာ ကျွန်ုပ်တွင့် စားခန်းများကို ပြောပြရန် သာ တွင်တွင်တိုက်တွန်းလေတော့၏။
ဖြိုင်ရာအာ တွတ်ပီ ဆိုတာဦးကြီး၊
ဟုတ်... လူလဲ မကြည်ဘူး၊ ပင်းခွက်သည်း ကြည်ပုံနေတယ်။
မြန်ပြည်တစ်ကျွှား ဖိန့်ဖိန့်တုန်အောင်ကျော်ကြားတဲ့ မူဆိုး ကျော်ကြီးပဲဟာ၊ ဦးရဲ့ ပုဂ္ဂိုလ်ကြီးဟာ.... အဲဟုတ်ပေါင် စွန့်စားခန်းတွေဟာ သိပြီး အလွန်ပါပဲတယ်၊ စားရတာ၊ အဲဟုတ်ပေါင် နားထောင်ရတာ။


ဦးက နာမည်ကြီးသလို ဥပဓိ ရုပ်ကလဲ ခန့်ပဗျာ။ အတော်သွားကလဲ ဆိမ့်လိုက်တာဗျို့
သူက ဦးတာယည့် ဗိုက်ကလေးပေါ့၊ သူလဲ နာမည်ကြီးပေတာပဲ၊ လူပါဦး ဒီဘက်ကို တက်သွားစေဦး
သူတို့ပြောတာတွေက အရသာရှိလိုက်တာ။
သူတို့ဟင်းတွေက အရသာရှိလိုက်တာ၊
နှစ်ရက်စာထည့် လာသောဟင်းများ ကား တစ်ရက် တည်းနှင့်ကုန်လေပြီ။


ကိုဝင်းထွန်းတို့ဖို့ ယူလာသော ငှက်ပျောသီး၊ ဩဇာသီး၊ သစ်တော်သီး
များပါ ကုန်စင်ပါသွားချေပြီ။
ကျွန်ုပ်လည်း တောတွင်း စွန့်စားခန်းများ ပြောပြ၏။
စားပြီးပြီ၊ အိပ်ပြီးနားလေတော့ဗျ
နားလေတော့ချင်ပေါင် တောင်ပြီး အိပ်ဗျ


ရွှေတိဂုံကို အဝေးကပင် ရွှေရောင်ဝါးပြီး ပြက်ဝင်းလက်ရွှန်း
ဖူးမြော်ရသည်။ ညအမှောင်ဝယ် ရွှေရောင်ဖြင့် သပ္ပါယ်လှပ၏။
ကျွန်ုပ်တို့ လက်အုပ်ချီကြသည်။ ကြည်ညိုသဒ္ဓါ
များလှပေပြီ။
ဟာ… ဟိုမှာ ကြည့်စမ်း၊ ပင်လယ်ကူး သင်္ဘောကြီး မီးရောင်နဲ့ လှလိုက်တာ၊
အဲဒါနဲ့ လိုက်သွားရင် နိုင်ငံခြား ရောက်တယ်လေ။ မျိုးဝတို့ လိုက်သွားကြမလား၊ နိုင်ငံခြားပြန်
ဟဲလို


မော်တော် သည် ကမ်းကပ်လေပြီ။ လူတွေ ရှုပ်ထွေးနေ၏။
ဝေါ်... ဝေါ်... ဝေါ်...
မော်တော် ဆိုက်ပြီဟေ့....
ဟာဗျ မုန့်သချိုလာ ခေါ်ဝယ်စား ပေါ့ကွ၊
တက္ကစီရမယ်... တက္ကစီရမယ်....
ဟား... လာပါဦး တခု ဝယ်လောက် ပါ.....



ဗျာ... ဘာကို ပြောတာလဲ။
ဒင်းများအော်နေတဲ့ မုန့်လေ၊ အဲဒါတစ်ခု ဘယ်လိုရောင်းလဲကွ။
အို... ဘယ်မှာ မုန့်အော်လို့လဲ။
အို... ခုနက အော်တဲ့မုန့်လေ. ဘာတဲ့ - ဟိုတက္ကစီးဆိုလား ဘာလား....
အာ... အဲဒါ မုန့်မဟုတ်ဘူးဗျ၊ ကားငှားမလား အော်တာ...



ကျွန်ုပ်ကား ဆိုက်ကားလေးကို အ,ရှုံ့ကောဟု မျက်နှာလွှဲ ပြုံး၍ကြည့်လိုက်၏။ အမှန်မှာ ကျွန်ုပ်လည်း ထိုတက္ကစီ ဆိုတာကြီးကို မှန်းလား၊ ကားလား ခွဲခြားတတ်သူ မဟုတ်ပါချေ။
သူလဲပဲ ဒီတက မဟုတ်ဘဲနဲ့...
ဆရာတို့ ဘယ်သွားချင်သလဲ၊ သွားချင်တဲ့နေရာ ပြော၊ လိုက်ပို့ပေးမယ်လေ၊
ဟီး..ဟီး... တောသားတွေ အလစ်သုတ်မှ
အို...မောင်ရင် တို့က ဦးကို ဒီလို ကူညီကြတာ ဝင်ပါရဲ့....


အို… ဆက်ပါလား၊ ဦးကို သိဖို့နေနေသာသာ ခုမှမြင်ဖူးတာဗျာ၊ ကျွန်တော်တို့က ဦး ဆီက အခကြေးငွေယူပြီး ရှာပေးမယ်ပြောတာ၊ ကားငှားခိုင်းတာပေါ့ဗျာ၊ ဟူး… မောရပါလား…
ဟဲ… ဟဲ… သိဘူးလေ. အတင်းလိုက်ခိုင်းနေတော့ ငြင်းမရတာလေ. ဟူး…ဟူး…ဟူး…
ကိုင်း… ဒါဖြင့် ဘယ်လောက် ပေးရမတုံး…
ဪ… ဦးက ဘယ်သွားမှာတုံး၊


ဟို...ဟို... တောင်သင်္ဘော ကို...
ဟယ်...ဟား...ဟား...ဟား... ရန်ကုန်မှာ အဲဒီ မရှိဘူး ဦးရဲ့...
အို...ကပ်တော့ သွားဖို့တဲ့ဗျ
ကပ်မှ မတောက်ဘူး၊ အရင်ကတည်းက အဲဒီ တောင်သင်္ဘောဆိုတာ မရှိဘူး၊ တောင်ဥက္ကလာပ ရှိတာ။
အို... ဒါဖြင့် လိပ်စာ ပေးမယ်၊ အဲဒီအတိုင်း လိုက်ပို့ချင်သပ ဆိုပိုကြ


ဟယ်...တို့က သိပ်လိုက်ပို့ချင်တဲ့ ပွဲဖြစ်နေပါလား၊ ဘယ်တောကလဲ မသိပါဘူး...
လိပ်စာထုတ်ပြန်ရန် ကျန်ရှိပါမာကလေး ကို ကြည့်စို့...
ဟယ်...ဒီက မာကလေး ဟာကော.
ဟဲ့ ဟုတ်ပ
အို...မာပါလေးတယ်တဲ့၊ အို...ပို့လို့ဖြစ်ပါ့မလား၊ ဒါဒီ ကာဒ်းကိုမာဝေါင်း မှားလား၊ ကြည့်ပါဦး၊
ဟင်...ဖ...ဖ... ဖလျောက်သွားပြီ၊ ဘယ်ရောက်သွားလဲ


ကိုင်း… ဦးဇဝိမ္မာ မှတ်မိသလောက် ပြောပါဦး….။
တောင်သာကောတ တော့မှတ်မိတယ်ပါ။
လာပြန်ပြီလား။ ဒီတောင်သာကောတ…. မရှိပါဘူး ဆိုတဲ့ဟာ။ မမှတ်မိတာကမှ တော်ဦးမယ်…
ဟိုလေကွယ် ဦးဝင်းထွန်းတို့တာ မသိကြဘူးလား။ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်လေ။


အို… ဒါ ဦးတို့ တောလိုမဟုတ်ဘူးကွာ. ရန်ကုန်မြို့က အကျယ်ကြီး၊ ပြီးတော့ ရန်ကုန်မှာ အိမ်နီးချင်းတောင် နာမည်ပြည့်စုံအောင် သိတာမဟုတ်ဘူး၊
အဲဒီကောင်မလေး နာမည်သိချင်လို့ ပါ…
သို့ဖြင့် ကျွန်ုပ်တို့ အားကိုးတကြီး လာခဲ့သော ပိပ်စကား အလစ်သမားလက်ဝယ် ပါသွားခဲ့ပြီ။ ဇော်သည်ပုလေးကျန်ရစ်


အစက ဒေါသထွက်နေသော် လည်း ချွေးအေး ပေါက်ပြန် လာ၏။
ရိုးအဘော မလေးမျှင်နှင့် ဆိုက်ကာ လေးကကား ကျွန်ုပ်ကို အားကိုး တကြီး ငေးမောနေသည်။
ဟူး... ကောက်ရိုးပုံထဲ အပ်ကျသလို ဖြစ်ပြီဟေ့၊
ဒီမှာ လှုပ်လှုပ်လေး၊ ကောက်ရိုးတွေ မီးရှို့ပြီး ရှာပေါ့...
ဟိုက်...


နောက်ဆုံး၌ သင်္ဘောပေါ်ဝယ် ကျွန်ုပ်တို့ သုံးယောက်သာ ကျန်ရစ်၏။
အလို... ဦးတို့ ဆိတ်ဆုံးပြီဗျ
ဆင်း... ဆင်း... မလို့ပါပြီ...
လာဟေ့၊ လမ်းမှာ စုံစမ်း မေးမြန်းရင်း သိနိုင်မှာပါ၊ မေးပါများ စကားရပေါ့ကွာ၊
သို့ဖြင့် ကျွန်ုပ်တို့သည် လိပ်စာမပါကို ရှာကြံ ရှာဖို့ တော်ကြီးသို့ မျက်စိ သူငယ်နားသူငယ်ဖြင့် ခြေဦး ခဲ့ကြပါသတည်း။


မြို့သာမျှ အကြောင်း အကောင်း သည်းပါပေါ့၊ လူတွေကြားထဲ သွားရတာပါ၊ တောထဲမှာလို တိရစ္ဆာန်တွေကြားမှာ သွားရ တာလောက်တော့ အန္တရာယ် မများနိုင်ပါဘူး...
အို... တိရစ္ဆာန်တွေက အလစ်မသုတ်ဘူးရှင့်။ လူတွေကြားမှာက ပိုကြောက်စရာ ကောင်းသရှင်။
ဪ... ဒါလဲ ဟုတ်တာပဲ၊


မျက်လှည့်ဆရာ များလား...
ဟာဟာခလုံး ခေါင်းကျား ဟီ...ဟီ...
လူတွေကြည့်နေတာ ငါ့ကို မြို့ရောက်စတောသားမှန်း သိနေကြလို့ ဖြစ်မယ်...
အမယ်... ဒီစာတန်းက ဘယ်လိုဆိုလို့လဲ၊
စိန်လှအောင်
မီးဘေးရှောင်
မလောင်ခင်တား
ဟုတ်ကဲ့ပါ၊ မြို့ရောက်ပြီ မီးသတိထားမှ၊


အာ... မာပင့်.. ဟယ်.. ဟိုမှာ... ဖိုးစွံနေပြီ...
ဟာ... ဆိုင်ရှင်လဲ မသိပါလား၊ တော်ကြာ ဒါဒီမိုးက ကွမ်းယာဆိုင် နဲ့စွဲပြီး အကျွန်ပြာကျကျွန်မယ်၊ အမြန်ပြေးမှ...
ဖော်ရော ဖော်ရော
ဟော... ဟော... ဟိုမှာ... ရေ... ရေ...


အကျို...
ဗိုက်ကလေးက ရေပုံးကို ပြေးဆွဲယူသွားရာ။
ဟဲ့..ဟဲ့... ဘာလို့ ငါ့ရေပုံးကို ယူရတာလဲ..
လာပြီဗျို့
လမ်းပေါ် စည်းကမ်းမဲ့ရောင်းလို့ သိမ်းတာ ဆိုရင်လဲ ငါတစ်ယောက်တည်း ဘာလို့ သိမ်း ရတာလဲ... ဒီ... အဲ... ဟိုဟာ... ကုန်ပြီ...


မဲမဲရဲ့ အလှပြင်
ကွမ်းယာဆိုင်ကလေးကား ရေချိုးစုံချေပြီ။
ဟူး... တော်သေးတာပေါ့၊ လူဦးလို့......
ဖလော်း
ဗွန်း! မောင်ကောင်း.
ဒါဘာလုပ်တာလဲဟင်၊
ဘာလို့ နာ့ဆိုင်ကို ရေနဲ့
ပက်တာလဲဟင်...
ပြောစမ်းပါဦး...
ဒါ ခင်ဗျားတို့
သင်္ကြန်ရက်လားဟင်။


အရေးထဲ ကုလားက မြန်မာ သင်္ကြန်ရက် မသိရှာ မေးချေသေး၏။
ဟိုး...အခုမှ တဆောင်းရှိသေးတာ၊ ဘယ်နှယ် သင်္ကြန် ရက်ရမှာတုံး
ဟွန်း...ဟွန်း... ဒါဖြင့် ကုလားက ဘာလို့နှာခေါင်းကို ရေနဲ့ပက်ရတာလဲဗျ
အို...ခင်ဗျားဆိုင်ကို ကျုပ်ရေပက်တာ ဦးလို့ပေါ့ဗျာ၊ နို့မို့ဆိုရင် မီးစွဲနေပြီဗျ၊ မီးစွဲနေပြီ...
ဟင်...မီးစွဲနေပြီ ဘယ်မှာလဲ အဲဒီမီး...


ဒီမှာလေ... ဒီကြိုးမှာ မီးစွဲနေတာကို ခင်ဗျားတို့တစ်ယောက်မှ မသိဘူး မဟုတ်လား၊ မြို့သားတွေဟာ မျက်စိကို လျှမ်းတယ်၊ ကြည့်...ကြည့်...
ဟုတ်သားပဲ့ ကြိတ်ပေးကွ!
ဟင်!
အလိုလေး...ကုန်ပါပြီ... နာမီးကြိုးတွေ ရှော့ကုန်ပြီ... ဟဲ့ ကောင်သားရဲ့... အဲဒါ ဘေးလိုင် မီးညှိဖို့ ချိတ်ထားတဲ့ မီးကြိုးဟဲ့... တောသားရဲ့...




ရေခဲရေ
တစ်ပုံးလုံးကုန်ပြီ၊
အဲဒါပါလျော်ပါ၊
ဘုရား....
ဘုရား....
အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်မည်စိုး၍
ကျွန်ုပ်လည်း ပေးလျော်ခဲ့ရသည်။
တော်သေးတာပေါ့၊
ငွေငါးဆယ်နဲ့
ကြေအေးလိုက်
ကြလို့...
××△△...



နှမြောတတ်သော မဝေးမျှင်ကား ဗိုက်ကလေးကိုနှိုး သွားလာသည်
တောက်... ဖွန်း... ရှော်...
ကြုံတိုင်းမှာသာဆို နင့်ခေါင်းကို ဘုထွက်အောင် ခေါက်ပစ်တာပဲ။
ဟိုက်... ပန့်ခံကော ပုံပျက်ပြီ။
မီးကားရှောင်မလောင်ခင်တုန်း ဆိုယူ့။ ကျွန်တော်က ဒီ ဆွန်းအိုးကြီးကို မီးရှို့သွားတာ တစ်ခါမှ မမြင်ဘူးတဲ့ဟာ...


ကျွန်ုပ်ကား ကြုံရာလူကို မေးရ၏။
ဟို့...ဟို့...ဒီမှာ...ဦး ပင်းထွန်းကို သိလားဗျ၊ အသားဖြူဖြူလေ.
ဟောဟို.. ဟောဟို...
အို...ဘယ်မှာနေလဲ လိပ်စာပြော.ဟောဟို ဟောဟို...
လိပ်စာ ပျောက်နေလို့...


အို... မောရတဲ့ကြားထဲ အရူးတွေနဲ့ လာတွေ့နေရတာပါ၊
ဟောဟော... ဟောဟော... ရှေ့ကွန်မှာ လိပ်ပြာ မရှိဘဲ မေးရတယ်ကွို၊
တောသားတွေ... ဟောဟော... ဟောဟော...
ဟိုး... ဟိုး...
ကျွန်ုပ်တို့သည် လမ်းဘုံကျောက်ပျက် တစ်ဘက်ကူးမည် ပြင်ကြ၏။ ထိုစဉ် ကားတန်းကြီး ရပ်သွားသည်။ ကျွန်ုပ်ကား အံ့ဩသွား၏။
ကျွိ!


ဟော... ကားတွေရပ်ပေးကြပြီ၊ ဟို... ကျွန်ုပ်ကို
မြန်ပြည်တစ်လွှား ဖိန့်ဖိန့်တုန်အောင် ကျော်ကြားတဲ့
မုဆိုးကျော်ကြီးမှန်း ကားသမားတွေ သိသွားကြပေပြီ။
ကောင်းလေစွ၊ အာသီအမှတ် ပြန်ပြုမှ...
ကျွန်ုပ်သည် ကားသမားများကို ရပ်ပေး၍ ကျေးဇူး
တင်ကြောင်း အာသီအမှတ် ပြန်ပြုရ၏။
ဟဲဟဲ


ထို့နောက် ဟာနီပါယာဖြင့် ကားလမ်းဖြတ်ကူးခြင်း။ ကျွန်ုပ်တို့ ကားလမ်းဖြတ်ကူးစဉ် နံဘေးမှလူများ တစ်ယောက်မျှ လိုက်မကူးကြတော့။ ဦးစားပေးကြလေပြီ။
YELLOW H
တည်းခိုခန်း
ကျွန်ုပ်တို့ လမ်းလယ်ရောက်သော် ရုတ်တရက် ကားများ အရှိန်ဖြင့် ထွက်လာကြရာ...
ဝေါ...
ဝီ...



ဟော... ကားတွေလာပြီ... အောက်မယ်လေး လုပ်ပါအုံး
လုပ်ပါအုံး... ကိုကိုတွေ...



လမ်းကွေ့တွင် ကားများ သိုင်းကွေ့သွားရုံသာ တော်တော့သည်
ဟောဟဲ..ဟောဟဲ.....


အမေမရေ... ညှပ်ပါအုံး....
ကားနဲ့ တိုက်ကြိုက်ခနမှ....
တောသားတွေ
ဟိ...ဟိ...
အိုး...အိုး...အိုး...
ကယ်ကြပါအုံး
ဟွန်း...အပေါ်က
စီးလိုက်လာတဲ့
လူတွေကပဲ
မောနေရသေး...
မောလိုက်တာ
ဟောဟဲ...ဟောဟဲ...
မောလိုက်တာ
ဟူး.....ဟ....


လူမောကား ကွန့်ပြတို့ အဖြစ်ကို ကြည့်ပြီး တဝါးဝါး ရယ်မောကြလေပြီ။
ဟိုး...ဟိုး...ဟိုး... ကားလမ်းကို အလျားလိုက် ကူးပြေးရတာပလို့... ဟိုး...ဟိုး...ဟိုး...
ဦးလေးတို့က မီးပွိုင့်ကို ကြည့်မှ မကူးတာကိုး...
ဦးတို့က ဘယ်သိ ကြမှာလဲကွယ်၊ တောကလာတာ ဆိုတော့ ကားတွေ ရပ်သွားတော့ ဦးကို သိလို့ ရပ်ပေးတယ် ထင်တာကိုး.... ဟူး...ဟူး...
ဘဝင်မြင့်တဲ့လူ ခံရမှာ...
NEW WORLD


မီးပွိုင့်ရှိတယ်လေ၊ ဟိုမှာ မြင်တယ်မဟုတ်လား၊
မီးပွိုင့်
အဲဒီမှာ စိမ်းရောင်၊ဝါရောင်သတိ၊ နီမှရပ်....
ဪ...ဒါဖြင့် စိမ်းရင် မကူး ကူးပေါ့နော်၊
ဟုတ်တယ်ဦး၊ အဲဒါသတိနဲ့ မှတ်ထားပါ၊ နို့မို့ဆိုရင် ကားအန္တရာယ်ရှိတယ်၊
WORLD STORE




ယင်းမလေးဖူးစကား ဓာတ်မြေကြီးဝိုင်းရွာကလေးတွင် ကဲ့သို့ ကျန်ရှိအသော မမောက်မာရဲ ချေပြီ။





မျက်စိသူငယ်နားသူငယ်ရို့ ကျွန်ုပ်တွတ်ပီသာလှင်သုံးမ အားကိုး
ရာ အရှင်သခင်ဖြစ်မှန်း သဘောပေါက်သွားချေပြီ။
အသိအကျွမ်းမရှိတော့
သူ့ပဲ ဆရာတင်ရတာပေါ့၊
ဟဲဟဲ
ဆက်လျှောက်ခဲ့ရာ ကျွန်ုပ်တို့ကား လမ်းကူးမည်ကြံတိုင်း
မီးပွိုင့်ကို ရှာရ၏။
ဟေ့... တပည့်ကြီး
ရှာစမ်းပါဦးဟ၊
မီးပွိုင့်ဘယ်မှာတုံး
ခုမှလမ်းစည်းကမ်း
လေးစားနေလိုက်တာ၊


ဈေးမှာသူငယ်ပေါ်
ဈေးမှိုင်းကယ်ရောက်
နေတုံး...
ဗြော်... ဟိုမှာလေ၊
ဟိုဓာတ်တိုင်မှာကပ်နေတာလေ။
TOP ONE
T.V.
မကူးနဲ့ဦးလေး!
ဒီမှာကူးကြ▲
POP
TIGER


ကျွန်ုပ်တို့ကား ယခုတစ်ခေါက် ခံခဲ့ရပြီးပြီဖြစ်၍ ဖိုးဖွိုင့်မှိန်မချင်း မကူးကြချေ။ သို့သော် နံဘေး၌ လူများမှာ ဥဒဟို ဖြတ်သန်းကူးနေချေတော့ရာ မြို့သားများ၏ အကင်းပါးမှု၊ လျင်မြန်ဖျတ်လတ်မှုကို ကျွန်ုပ် ချီးကျူးလှချေပြီ။
အို... ကိုကိုတွတ် သူများတွေက မီးပွိုင့်နီအောင် စောင့်မနေကြဘူးတော့!
အို... ဆင်ခြင်ကောင်း မရှိသေးတဲ့ လူတွေကို ယှဉ်ပြိုင်မနေနဲ့ မင်း၊ တော်ကြာ ကားတွေ ထွက်လာမှ ပြေးနေရအုံးမယ်။ ဒီတစ်ခါ ငါမသိနိုင်ဘူး မင်းကိုယ်ကြီးကို။


ဟင်... ကိုကိုတွတ်
ဒီမီးပွိုင့်က နီလဲမနီဘူး၊
ဝါလဲမဝါ၊ စိမ်းလဲ
မစိမ်းဘူး...
နာရီဝက်ခန့်ကြာသော် ကျွန်ုပ်ငွေဝေ
ဝတ်ဖြစ်လာရ၏။
ပြုတ်သားဟ၊
ဒီမီးပွိုင့်က
အရောင်မထွက်ဘူး၊
အမြင်မတော်သူ မြို့သား တစ်ဦးက...
SHOW WORLD
ဦးတို့ လမ်းမကူး တတ်လို့လား၊
ကျွန်တော်နဲ့ လိုက်ခဲ့ကြပါ.
၆၀


ကျွန်ုပ်လည်း မာန်တင်း မနေနိုင်တော့။ ရပ်စောင့်ရ၍ ခြေသလုံးလည်း တောင့်လှပေပြီ။
ဦးတို့က မီးနီမှ ကူးဆိုလို့ ရပ်စောင့်နေကြတာကွယ်၊ ဒီမီးပွိုင့်က မပြောင်းလာဘူး၊
အို... ဘယ်ပြောင်းမလဲ၊ မီးပျက်နေတာပဲဟာ၊
ဗျာ!
ဒီနေ့ ကံမကောင်းပါလား။
KI
TAI


နောက် ဦးလေးတို့ကို လမ်းကူးရင် သတိပေး ရဦးမယ်၊
အဲ…လုပ်ပါဦး မောင်ရင်ရယ်၊ မောင်ရင်တို့ရန်ကုန်က လမ်းကူးတွေ တအားများတာဆိုတော့ သိထားမှ တော်ကာကျမယ်၊
လမ်းကူးရင် မီးပွိုင့်က မီးနီတောင့်ကူး၊ မီးပွိုင့်မရှိတဲ့ နေရာဆို မျဉ်းကျားရှာကူး၊


ကြားလားဆိုက်ကာလေး၊ မြင်းကျားရှာရမယ်တဲ့ မှတ်ထား.....
ဟုတ်ကဲ့ဆရာတွတ်။ အင်း... မြင်းကျားရှာရ တော်တော်တော့ခက်မှာပဲ။
ဒါထက်မောင်ရင်... ကိုဝင်းထွန်း ဆိုတာ သိမှား သိသလားဟင်၊ အသားဖြူဖြူ ပိန်ပိန်သွယ်ပါလေ....
အို... လိပ်စာ ကယ်ကိုပြပဲ။
POIVE
SHA
YELOW


လိပ်စာပျောက်သွား
လို့ ကျ၊ သူ့ဆီသွား
မလို့ပါ။
SUN
TEA A
အို... ဒါဆို ဦးတို့
တောပါပြန်တာကောင်းမယ်၊
ရန်ကုန်မှာ ရှာရမလွယ်ဘူး၊
တိုက်ခန်းတို့ တစ်ခန်းထဲနေတာ
တောင် သိကြတာမဟုတ်
ဘူး.....
စိမ်းကားလိုက်တာ၊
ခြေရင်းအိမ်မှာနေတဲ့
လူလေး၊ မသိချင်ယောင်
ဆောင်နေတယ်။
ဆောင်မှာပေါ့၊
သူက လက်ဖက်ရည်
ဆိုင်စားပွဲထိုးကိုး။


RADIO
လာ... လာ... ဦးလေးထမ်းထားမယ်၊ ဒီဒါချိတ် ဆိုက်သလှရောပေါ့၊ အခုဘာနဲ့လာသလဲ၊ သင်္ဘောနဲ့ပါလား။
ဟုတ်တယ်ကွယ့်၊ သင်္ဘောနဲ့ပဲ၊ ဒါထက် မင်းကကော ဘယ်သူ့သားလဲဟင်၊ မြင်တော့ မြင်ဖူးသလိုပဲ၊
အို... လာပါ၊ ထိုင်ပါ၊ ဒီပေါက်ဆုံးမှ ပျော်မယ်၊ ဦးတို့အဒေါ်တို့စားမယ်၊


ဟုတ်ပယ်ကွ၊ ဒီကောင်လေးကတို့ကို မှတ်မိနေတာကိုး၊ အားနာလိုက်တာကွာ၊ တို့ကမမှတ်မိတာ၊
ကိုင်း...စားပေါ့၊ ဒါနလေးမြောက် သွားအောင်စားပြီးမှ သူ့ကို စကားပြောကြတာပေါ့၊
ဟာ...ကိုကိုတွတ် ဒါကဘာတွေတုံး...
ဘာဖြစ် လို့လဲမှင်...
အို... ထမင်းတွေက ဟင်းကျန်တွေနဲ့ဆိုးလုံး လာတယ်ထင်တယ်၊ ထမင်းဖြူ၊ဖြူမှမကျန် တော့တာ၊
အို...ဟုတ်ပါရဲ့၊ ထမင်းရှေ့စု ပါကလား....


ကျွန်ုပ်လည်း ပေါင်းခနဲ ဒေါသ ထွက်ရ၏။
ဟေ့..ဟေ့...သူငယ်... လာပါဦးကွယ်...
ဗြုန်း... ဗြုန်း...
ပေးမှုဖြစ်ကို စမ်းလို့မရ ဘူး....
မင်းကျွာ၊ ထမင်းဆိုင်ကျွေး တာတော့ဟုတ်ပါပြီ၊ ဒီကလို ထမင်းကျန်ဟင်းကျန်တွေ ကျွေးတာကတော့ လွန်လွန်း တယ်...၊ ဟွန့်....
ခင်ဗျာ...
ဟေ... တွတ်ပီတဲ့ပေါ့၊ တွတ်ပီကို တောက်ဆိုပြီး လာမစမ်းနဲ့ကွ နော်၊ သိနေတယ်၊ သိနေ တယ်လေ၊
ဟင်း... ဟင်း...
ဟား... ခုချက်ချင်း ထမင်းဖြူနဲ့ပြန်လဲခဲ့ပါ၊ မစမ်းနဲ့... မစမ်းနဲ့... ခံသွားရမယ်...ဟင်း... ဟင်း...ဟင်း....
ချွင်း...ချွင်း... မောသွားရ


အာ... ဦးရဲ... ထမင်းဖြူဘယ်ရှိ မှာလဲဗျ...
ကုန်သွားပြီ မဟုတ်လား၊ ကုန်သွားပြီ မဟုတ်လား၊ ဟင်း...ဟင်း...ဒါကြောင့်ပြောတာ တွက်မိက သိနေပါတယ်ကိုး၊ သိနေတယ်လေ၊ သိနေတယ်၊
ကိုစတုတ်ကတော့ အကယ်ဒမီပဲ.
ဆက်ပါလား၊ ဒီကောင်း ဟာလေ...
ဒါ့ နံ့ ပေါက်ဆိုင်ဦး၊ နံ့ ပေါက်ထမင်းဆိုတာ ဒီလိုပဲ ရှောင်ရဲ့ဗျ၊
မယုံရင်... တခြား စားပွဲတွေကိုကြည့်...


ကျွန်ုပ်လည်း ထိုအခါမှ တခြားစားပွဲတွေကို မသိမသာ အကဲခတ်ချေရာ.....ဟုတ်ပ၊ သူတို့စားနေကြတာကလည်းကျောင်းစုံ ထမင်းတွေပါပါလား.....။
ဒီနေ့ ကံမကောင်းပါလား
ကျွန်ုပ်ကား ရှက်ရှက်နှင့် ပြန်ထိုင်ချလိုက်ပြီး ထမင်းကိုသာ မဲစားချေရာ လိုက်ပွဲများ အတော်ကုန်သွားဟူ၏။


ဟီး... မြို့သားတွေ ကုသိုလ်ကောင်းချက်က တအားပါပါလား၊ နတ်သုဒ္ဓါလား မှတ်ရတယ်၊ ဒီတစ်ခါပဲ စားဖူးတယ် ရှာလွှတ်
စားရတာပဲသိတယ်၊ တခြား မြို့ပြဒုက္ခတွေ ဒင်းကမှ မသိတာ၊ သိရင်တောကို ချက်ချင်း ပြန်ပြေးချင်မယ်၊
ဂလု... ဂလု... ဂလု...
စားပြီးလျှင် ကျွန်ုပ်တို့ကို ဝေါ်ကျွေးခဲ့သော သူငယ်လေးကို သတိရမိ၏။
ဟေ... ဟေ... သူငယ်... လာပါဦးကွယ်၊ စားလို့ ကောင်းကောင်းနဲ့ စားလိုက်တာ မင်းတောင် ခုမှ သတိရ တော့တယ်... ဟူး... ဟူး...


ကိုင်း... ဆိုပါဦး... မင်းက ငါးဘတ်အိုင်ရွာက ကိုရင်စံခွေးရဲ့သား မဟုတ်လားကွ ဟေ၊ သူ့သားတစ်ယောက် ရန်ကုန်ရောက်နေတာပါ ပြောတာပဲ မင်းကို...
ရန်ကုန်ရောက်ရင် ကျပင်သားအိမ် ဝင်တည်းပေါ့ဗျာ ဟင်း... ဟင်း...
မဟုတ်ဘူး၊ ကျွန်တော်က မြစ်ကြီးနားက
ဗျာ... အော... အော... ဦးက သိတယ်မှတ်လို့ အားနာစရာ တကယ်ပါ၊ ဒါဖြင့် မင်းတို့ရွာက သိသိ မသိသိ ခေါ်ကြေးတာ ပေါ့နော်။ သာဓု... သာဓု... ဘုန်းကြီးပါစေ...၊ သက်ရှည်း ရှည်... ရှည်...


ဟာ... ဒါ... အလှူမဟုတ်ဘူးဗျ... ဆိုင်မှ... ဆိုင်... ခု... ဦးတို့ စားတာ စုစုပေါင်း... ၁၀၀ိ ကျတယ်...
အံ!
ဟေ
ဟယ်!
တကျဲ... တဲ့... ဟဲ့.. ဒါ အလှူမဟုတ်ရင် မင်းကဘာလို့ တို့ကို အတင်းခေါ် သွင်းလာရတာ လဲလို့... လဲလို့... ဟင်...
ဗြော်... ဦးရယ် ဒါကတော့ ဆွယ်ရတာ ပေါ့...


ဟယ်... အလှူမဟုတ်ဘူးတဲ့... ဘုရားရေ... တယ်ဟ....
ဒီနေ့... ကံမကောင်း ပါလား....
နှစ်မြှောက်တက်လှူသော ဗလသားမှင်ကားငွေတစ်ရာ ထွက်သွားရှာမောနေခဲ့ပြီ။
ဟယ်... မြို့ပြ... မြို့ပြ... ဟွန်း... ဆိုင်တွေနော်... ဆိုင်တွေ... တော်တော်ကိုသိက္ခာမဲ့ကြတယ်၊ လူမှုရေး နားမလည်ကြဘူး၊ စားချင်မှန်း မသိ၊ မစားချင်မှန်း မသိ၊ အတင်း ဆွဲခေါ်နေ ကြတော့တာပဲ... ဟွန်း...



အထက်တန်းစား ဆောက်ဆောက်ပါပါ ရှော့ပင်းလို့ ပျက်စီးသွားများမို့
လှပကြော့ရှင်းနေသော ဖိုကြီးသားများကို ကြည့်ပြီး ကျွန်တော်မှာ
အံ့ဩနေရချေပြီ။
အားလုံး
သူဌေးသား
တွေချည်းပါလား


ခုချိန်ထိ
ကားကြပ်ပြီ၊



လာပြန်ပြီ။ ဒီလမ်းကူးဖို့။ မီးပွိုင့်ရှာရှာ မတွေ့။
ဆရာတွေဟာ၊ မီးပွိုင့် ရှာမတွေ့ရင် မြင်းကလား ရှာပေါ့ဗျ...
ထိုစဉ် လူတစ်ယောက် မြင်းဆွဲ၍ လျှောက်လာသည်။
မြင်းစီးကြမလား၊
ဟာ...အတော်ပဲ၊ လာ..လာ..တခြားလူ မဦးခင် ငါငှားပြီး တက်ထား မှ...စီးမယ် စီးမယ်ဗျို့...


ဆိုက်ကလေးကား သွက်လှ၏။ ကျားခုန် ခုန်တက်လိုက်သည်။
ဒီနေ့ ကံမကောင်းပါလား
ဝါးကျိုးပြီ...


ဖြိုး ရုကာတွတ်ပါတို့ မြင်းကျားမြင့် လမ်းကူးလာကြလေပြီ။
ဟူ ပဲဗျို့
ဟိုက်... ရှူပါမင်း ဖြစ်ပြီ
လမ်းတစ်ကောက်ကွေ့မှ ဂွားခနဲ ချိုးကွေ့လိုက်သည်။ ရန်ကုန်ဆိုတာ အဲဒီလိုသွားကိုမှ။ ဘေးမှရပ်ကြည့်နေသူများကိုတော့ ကလေးက ဟန်ပါပါဖြင့်....
ကိုဦး... ခင်ဗျားတို့ကူးနိုင် မြင်းစာ သွားပြီလေ၊ ယူကြ... ကူးကြ... မလွယ်ပါလား ဖိုးပြ...
ဟောဟဲ... ဟောဟဲ... ဦးတွန်ပိုက်တာ....


ဟို... ဈေးဝယ်ကားများပေါ် လှားခနဲ လှားခနဲ ခုန်ကူးလိုက်ကြ
သည်မှာ အံ့ပမကျဆန်ပါဘိသနဲ့။
ဝိုး
ပေးဇိမ့် သားမောင်ကား လှုပ်ပုံပန်း ပေါ့နွဲ့နွဲ့ ကလေးဖြင့် လမ်းကို
မြင်းကျားဖြင့် ကူးကြသည်ဆိုလျှင် ကျွန်ုပ် အံ့ဩသဘောကျ
မိရပေသည်။



ဒီမှာ... ဒီမှာ... ခင်ဗျားတို့
ဘယ်လိုလုပ်လိုက်ကြတာလဲဗျ၊
လမ်းမှာ မြင်းစီးရသလား၊
ဒီမှာ ကားတွေပိတ်ကုန်ပြီ။
DOO
အို... ဘယ်လိုလုပ်ရမှာလဲဗျ၊ မြင်းကျားရှိ ရာက
ကူးရမယ်ဆို၊ မြင်းကျား ကြည့်တာ မတွေ့ဘူး၊
ရှာလိုက်တာ၊ တွေ့တဲ့မြင်းနဲ့ပဲ ကူးခဲ့တယ်၊
မြင်းကျားနဲ့ မြင်းနဲ့က ပုံစံသိပ်မကွာလှပါဘူးဗျာ၊
မြင်းကျား မရှိတော့ မြင်းနဲ့ပေါ့၊ မဟုတ်ဘူးလား၊
ဟုတ်လိုက်လေခြင်းဘာ...၊
ရှင်းပြ လိုက်စမ်းဘာ..
ဒီပုံက ဘာလဲကြောင် တာလဲ...


ဟို… မခက်နဲ့လေ၊ ပြော…ပြော… ဘယ်မှာလဲခင်ဗျား မြင်းကျား၊ ဒီမြင်းကျား အလာကို ကျုပ်တို့က တစ်နေ့လုံး ထိုင်စောင့်နေရမှာလား၊ အချိန်နဲ့ ဒီရေသည်လူကို မစောင့်တဲ့ဗျ၊ အချိန်ကို တန်ဖိုးထားစမ်းဗျာ!
ရှင်းပြလိုက်စမ်းက တပည့်ကြီးရယ်၊
မြန်မြန်ကူးစေချင်ရင် လမ်းဆုံလမ်းခွတိုင်း မြင်းကျားတစ်ကောင်စီ တိုင်မှာ ချည်ထားမှပေါ့ဗျ…
ဟာ… မြင်းကျား ဆိုတာ အဲ့ဒီ အကောင်ကို ပြောတာမဟုတ်ဘူးကွ ဒီမှာကြည့်… ဟောဒီမှာ သေချာ မော့ကြည့်……


ကတ္တရာလမ်းပေါ် လက်ညှိုးထိုးပြလေလျှင် ကျွန်ုပ်တို့လည်း
ငုံ့ပြီး ကြည့်ရှုသော် အပါဝင်းကြီးများကိုသာ တွေ့ရလေ၏။
ဘယ်မှာလဲ၊ ဘယ်မှာလဲ၊ မြင်းကျား၊ ဒီမှာဆို ပွစ်ကျက် သိတ်ပဲ ရှိမယ်၊
ဟိုက်! မြင်းသွားပြီ။
တော်တာပဲ... ဟူး... ဒီမျိုး အပါကြားကြီးတွေ ပြောတာမျှ အဲဒီက ကုန်ရောင်း ကားတွေက အချိန်ရွှေ့ပေးတယ်၊ ဒါလား... တောသားတွေ။
ဟင်း...
၇၂


အဲဒီလိုလား၊ ဗောဗောက ပြောရှာပေါ့၊ သိမှသိပါဘာ၊ ချုပ်အညိုင်းနဲ့နော်...နော်လို့... ဟီး...ဟီး...
ဒီနေ့ ကံမကောင်း ပါလား
မြင်းသမားက သူ့မြင်းကို သုံးယောက်တက်စီးပါသည်ဟု ပြောပြီး ငွေတောင်းချေရာ တစ်ဆယ်ထုတ်၏။
တစ်ဆယ်... တစ်ဆယ်...
မဆိုး...ဘူး...
ဒီနေ့ ကံမကောင်း ပါလား...
ဆရာနဲ့ပါ ဝက်တိုက်၊ တပည့်နဲ့ပါ ဝက်တိုက်နဲ့၊ ရုပ်ကိုအံ့အံ့ဘဲတော လုံးပါးပါး ပါပြီ... လူပါကြ...လူပါကြ... အိ...ဟီး...ဟီး...
၇၃


မြေဦးတည်ရာ လျှောက်ကြစို့။ ကြော်ငြာလူကို မေးစို့။ အားလုံး ခေါင်းခါကြစို့။
ဟူး... လိပ်စာပါသွားတာ တော်တော် ဆိုးတာပဲဗျ၊
××× ×××
တော့မှာဆို တခြားရွာကလူတောင် သိတယ်၊ ဒီမှာက တစ်အိမ်ကျော်ရင်ကို နာမည်လုံးဝ မသိကြတော့ဘူး၊ ဟယ်...
မှားပါတယ်၊ မှားပါတယ်၊ သေးမှုင်
စိတ်ညစ်တဲ့ အထဲမှာ အဲဒါတွေ ပါတယ်
သိရှင်ငွေချေးမယ် မမြင်ချင်ယောင် ဆောင်မှ...
စိမ်းကား လိုက်တာ!
၇၄


ညနေရောက်တော့ ဗိုက်ဆာကြချေပြီ။ ဆာမှာပေါ့။ တစ်နေ့လုံး လျှောက်နေတဲ့ဟာ။
ဦးကျွပ်ပါ။ ရှေ့ဘောက်ဗိုက်မှောက်နေမို့ကာလဲ ရေအိုးစင်မရှိ...
ရေခဲရေ..... ရေခဲရေ...
ဟာ...လာဟေ့၊ ဟိုမှာ ရေလှူနေတယ်၊
သုံးခွက် လှူပါ။


ဂလု
ဂွပ်..
ဂွပ်.... ဂွပ်......
လုပ်ပါဦး နောက်တစ်ခွက်စီ။
စုစုပေါင်း တစ်ယောက်လေးခွက်စီ သောက်ပြီးမှ ဗိုက်ပြည့်ကြ၏။
၇၆
ကျေးဇူးပဲဟေ့၊
ရေအကျိုး ဆယ်ပါး မတောင်းပါနဲ့
ပြည့်တယ်ရေခဲကောင် ထည့်
ထားလေး... ဘာဂု.. ဘာဂု...
ဘာဂု...
ဘာဂု...
ဘာ...ဂု...



တောရွာမှာတော့ ရေအိုးစင်ပဲရှိတယ်၊ မြို့မှာတော့ ရေလှူတာ လူပါကိုယ်တိုင်နော်... သွားမယ်နော်...
အောင်မယ်...
ဟိုလူကြီးတွေ... ဒါဘာလုပ်တာလဲ၊ ရေခဲရေဖိုး ပေးလေ...
ဟယ်၊ ဒီရေက အလကားတိုက်နေတာ မဟုတ်ဘူးလား၊
ဂလု
အောင်မယ်... အလကားတိုက်ရအောင် ရေခဲနဲ့ရေက ဘယ်ဖအေက အလကား လာပေးနေလို့လဲ...
ဟိုက်... ပြဿနာပဲ...


မ...မ...မ..သိကြိုးပါ... ဘ...ဘ..ဘယ်လောက် ကျ...ကျလဲပါဗျ...
တစ်ခွက် ငါးမူး... ဘယ်နှစ်ခွက်... သောက်ကျပ်....
ဟိုက်... ရေသောက်တာ သောက်ကျပါတဲ့ အရှင် ကတော့....
ဒီတစ်နေ့လုံး ကံမကောင်း ပါလား....
မှားပါတယ်၊ ဆိုက်ကလေး မှားပါတယ်၊
ဟီး..ဟီး..ဟီး..ခွဲပါခွဲ၊ လေးမျှင်နှင်ဘယ်ကတာ ဝိုင်စကြေး တွေတုံး...
၈၈
ညစျေးကြီးသို့ မာကျပ်ခိုင် မီးပွိုင်ယား မယ်းဝါး၍ ဆောက်လုပ် ကျွန်ုပ်တို့ ဘားပေါ်ရ လေပြီ။


ဒီ...ဒီမှာ သူငယ်၊ ကိုဝင်းထွန်း ဆိုတဲ့ လူတစ်ယောက်များ သူငယ်ရဲ့ အသိထဲမှာ မရှိဘူးလား၊
ခင်ဗျား..ပြော ကျုပ်တော့ ကိုဝင်းထွန်း ပြောတာလ
ဟေ..ဟား..ဟေး..ဟေး...ကိုဝင်းထွန်းလေ... ဟုတ်ပြီ...သေးမှုန်ရေ...ဒီမှာ ကိုဝင်းထွန်းကို သိတဲ့လူတွေ့ပြီဟ၊ အောင်မယ်လေးလေး... ကျေးဇူးကြီးပါပေ့ မောင်ရင်လေးရယ်၊ အဲဒါ လိုက်ပို့ပေးစမ်းပါ၊ ဒီမှာ ဒုက္ခရောက်လှပြီ...



မ...မ...မင်းထွန်းကို ဒီသည်ဆိုင်ရဲ့ မလေးမှုင်ကောဖိုက်ကလေး
ဘ...ဘ...ကားတက်သစ္စာရှိလှချေပြီ။
ကျ...ကျ
...နေ နေပါဦး ခင်ဗျ...
ဦးလေး အဲဒီကိုဝင်းထွန်းက
ဘာလုပ်တာတုံး...
အငှားကားမောင်း
တယ်လေ...အငှားကား
မောင်းသမား...
ဟာ... ဒါဖြင့် ကျုပ်တော့ အဲဒီ
ကိုဝင်းထွန်းက အဲဒါမဟုတ်ဘူးဗျ။
သူက ကာတွန်းဆရာ မကျေးဇာတိ။


ဗူး......
အလေးသိမ့်
သွားရော့ဗျ...
ဦးတို့ ဒီလိုရှာလို့ မရဘူးဗျ၊
လိပ်စာပြော... လိပ်စာ...
အကျိုးအကြောင်း ပြောပြလေလျှင်...
ဒီလိုဆိုရင်တော့ ရန်ကုန်မှာရှာလို့ မရနိုင်ဘူးဗျာ၊
ဪ... အခု ကိုးနာရီခွဲပြီ၊ ဦးတို့ ကိုဝင်းထွန်းကို
ရှာဖို့ထက် အရေးကြီးတာ ပေါ်လာပြီ...
အဲဒါက ဒီည အိပ်ဖို့ တည်းခိုခန်း
ရှာဖို့ပဲ...
ပံသူ (ဥက္ကံ)
(ကဖီး)


ဟာ! တည်းခိုခန်း
ဟုတ်တယ်၊ တည်းခိုခန်းပါ၊ ဒီလိုရှိတယ်၊
ထိုသူငယ်က အကျိုးအကြောင်း ပြောပြလေလျှင် ကျွန်ုပ်မှာ အလွန်တရာ ကြောက်ရွံ့ရကား ထိုသူငယ်ကိုပင် အကူအညီ တောင်းလေလျှင် မောင်မင်းကြီးသားပဲ ဦးဆောင်၍ တည်းခိုခန်းရှာပေး၏။


နှစ်ပေါက်ခန်းနဲ့ တစ်ပေါက်ခန်း နှစ်ခန်းပေါင်း တစ်ရာငါးဆယ် ကျပါတယ်
ဗျာ
ဒီည ကံမကောင်း ပါလား...
ကျွန်ုပ်တို့ကား ဟစ်ရှ်
ဟစ်ရှ်သာ ဆို့လိုက်ချင်ပါ
တော့သည်။ ထိုညက တစ်ရာ့
ငါးဆယ်ကျပ်တန် အခန်းထဲဝယ်
ကျွန်ုပ်တို့ အိပ်မပျော်နိုင်ကြပါ
ချေ။ ဖိုက်ကလေးညှိုး ကျွန်ုပ်
ကဲ့သို့ပင် ပုပ်ဝေဒနာဖြစ်ကာ
တွေ့ကို နှစ်ခြာတ သဖြစ်၍
အိပ်ပျော်နိုင် မည်မဟုတ်ပါပေ။
ဝေါ...ဝေါ...ဝေါ....


မနက် တချီးခိုင်းမှ ထွက်လာသည်...
ဆရာတို့ အင်္ကျီ တချုပ်ဦး မှာလား၊
တချုပ်ရင် မနက် ဆယ့်နှစ်နာရီ မကျော်ခင်
နောက်တစ်ရက် ချပေးရမယ်နော်၊
မတချုပ်တော့ဘူး ဆိုရင်
မှတ်ပုံတင် ပြန်ယူနိုင်တယ်၊
ကျွန်ုပ်တို့ကား မတွေ့ဖူးသော တချုပ်ရဦးမည်ဖြစ်လေရာ
(တွေ့ဖို့ရန်မှာလည်း မကျိန်းသေပါချေ။) နောက်တစ်ရက်
အင်္ကျီရမည်မရမည်ကို စဉ်းစားသွင် ချိန်ရ၏။
RAY


ကဲ... ဒီလိုလုပ်ဗျာ၊ ခုတော့ မှတ်ပုံတင်ယူသွားပေါ့၊ ဆယ့်နှစ်နာရီထိုးလို့မှ ဆက်ငှားမယ်ဆိုရင် တယ်လီဖုန်းဆက်လိုက်၊ ဖုန်းနံပါတ် ယူသွားပေါ့၊ ဖုန်းမဆက်ရင်တော့ နောက်လူငှားမယ်၊
ဗျာ... တယ်လီဖုန်း
ဟုတ်ကဲ့၊ လမ်းဘေးက ဆိုင်တွေမှာ တယ်လီဖုန်းရှိပါတယ်၊ တစ်ခါဆက် နှစ်ကျပ်ပဲပေးရတယ်၊
ဟုတ်ကဲ့... ဟုတ်ကဲ့...
ဒါထက် ကိုဝင်းထွန်းဆိုတဲ့ လူများ မသိဘူးလားဟင် အငှားကားမောင်းတယ်၊



လိပ်ပြာပြော...
လိပ်ပြာ...
လိပ်ပြာပျောက် ပျောက်....
အို... လိပ်ပြာပျောက်ရင် ဘယ်ဖြစ်မလဲ... သား.. သွား.....
ရှင့်နှယ်ရှင်၊ တောင်ဥက္ကလာဖြင့် တောင်ဥက္ကလာ၊ မြောက်သာကေတဖြင့် မြောက်သာကေတ မှတ်ထားပေါ့ရှင် မြို့လောက်တော့ သိသင့်တယ်၊
မြောက် သာကေတ..တဲ့ ဟီး...ဟီး...


ကိုင်း...ဒါဖြင့်လာ ဖောင်းသာကောတက်ကို အရင် သွားရှာမယ်။
နောင်ကြီး...ဟို...ဖောင်းသာကောတက်ကို ကကား ရောက်လပြီ...
ကကားမှ မရောက်ပါဘူး...
ဟင်... ကာမြစ် လို့လဲ...
ဖောင်းသာကောတ မရှိလို့ပါ...
ဟင်... ကယ်ရောက် သွားတုံး...



အို... အရင်ထဲက မရှိတာမျှ... ဖောင်ဒူကူလာကို ပြောတာလား...
ဟား... ဟား... ဟား... ဟုတ်သပေါ့... ဖောင်ဒူကူလာကို ပြောတာ...
ကားကြီး ဟောဟိုမှာ လာနေပြီ...
ဖိုက်ကလေးကား ကားပေါ်တက်ဖို့ဆိုလျှင် ရောက်လျှင် ပြီးရော ကြိုးနှယ်စက်ဖုံး ပေါ်မှတက်ချရာ ဒရိုင်ဘာ၏ အဆူအပေါက်ခံရပြီး အဟားခံရတော့၏။
ဟာ... ဟေ့... ပေါက်ကရ... ဘယ်ကကောင်တုန်း... ခုကွာ ဟာ... တော်ဟား... ဆင်း... ဆင်း...


မိုက်ကလေးနောက်က တွယ်လိုက်ရ၏။
ဟေ့... ဟေ့လူတွေ.. နောက်လှည့်ထိုင်ကြလေ... ကယ်လိုလူတွေလဲဟ...
ကျွန်ုပ်မှာ ကိုယ်လုံးကျစ်လစ် သေးသွယ်သဖြင့် မတောင်းသာ လှည့်သော်လည်း သေးမျှင်မှာမူ အတော်ကြီးစားလှည့်ယူရ၏။ နံဘေးမှလူများ ဝိုင်းကူလှည့် ပေးရသည်။
အိုး... အား... အဲ... ဟုတ်ပြီ အားစိုက် လှည့်လိုက်...
သေးမျှင် လှည့်နေစဉ် ကားက ထိုးရပ်လိုက်လျှင် သေးမျှင်မှာ ဘူးကြီး ရှေ့ခုံထဲ ဦးစိုက်ဝင် သွားတော့၏။
ဟဲ... လူကြီး ဟအုံး.....
အူး....


ဗိုက်နေသော ဦးမှာ ဝေါက်ဝေါက်နှင့် ပြန်မထောင်နိုင်။ ဘေးမှ
ထိုင်းကွဲသော်လည်း ရှေ့ကျန်သား ပိန်ပိန်လေးများမှာတော
သူ့ ဝဝ ထယ်ထယ်ကြီးကို မနိုင်နင်း။
ဗိုက်ကြီး ပါဟ...
ကားက ပြန်ထောင့်လွှက်ရာ ဝေါက်ပေး၏။ အချိန်ဖြင့် ဘေးမျဉ်းမှာ
နောက်လန်ကျ၏။ ထိုသော် ကျသည့်နေရာဝှင် ခုံမှာ အသင်း
ရှိမပါနိုင်၍ ကားကြမ်းပြင်ပေါ် ကျသွားရာ ....
အောင်မယ်လေးတော့...
သေပါပြီတော့...



သို့ဖြင့် ကားပေါ်တွင် ချိန်ကရိုင်းကျကျ ထိုင်နိုင်ဖို့ အရေး
ကြိုးစားလိုက်ရပေသည်။
ဒီနေ့ ဦးပညာ ကံမကောင်း ပါလား...
ထိုစဉ်...
ဆိုက်ကားလေး၏ သီးကောက်ကြီးမှာ လူကြီး၏ လည်ပင်းကို ချိတ်ဆွဲသွားရာ...
ဟိုး...ဟိုး...
၁၀၁


ကားက ဆောင့်ရပ်လိုက်လျှင် ထိုလူမှာ ခေါက်ချိုးပြီး ကား အတွင်း ဝင်သွားလေ၏။
ရှိသီးမတတ် တောင်းပန် ရ၏။
တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်ုပ်တို့က တောသား တွေမို့ပါ။ မတော်လို့ပါ...
တောက်! မတော်တဆက အသက်ထွက်သွား နိုင်တာပေါ့၊ သွားကြ သွားကြ.ကြာရင်


ကျွန်ုပ်ကားဗိုက်ကလေးကို ကြိမ်းမောင်းလာ၏။
ကားတက်ရင် သတိနဲ့တက်ပါဗျို့၊ အစစအရာရာ သတိထားရတာပေါ့ကွ၊ ရန်ကုန်မြို့မှာ မလွယ်ပါဘူး၊
၃၄
တို့ကြံ့ခိုင်းရှာလို့မဟုတ်ဘူး၊ နားမလည်ချင် အရေးတွေကို အပြင်ကကြည့်နေမှန် ပျော်စမ်းဘာ၊ ပျော်လိုက်စမ်းဘာ...
ဟယ်... ဆရာကြီး ခင်ဗျား လွယ်အိတ်က ဘာတွေထွက်နေတာလဲ..
ဟယ်!
ဟို... လွယ်အိတ်ကြီး ဓါးနဲ့ ထိုးခွဲခံရပါလား
ဓါးပိုက်နှိုက် ခွဲသွားတာဗျို့၊ ကြည့်ပါဦး...


ကားသည် အရှိန်ဖြင့် ကွေ့လိုက်ရာ ဆိုက်ကားလေးမှာ အတွေ့အကြုံမရှိသဖြင့် လက်ပြုတ်ထွက်သွားရာ ဖိုးကောက်ကြီး ချိတ်ကျန်ခဲ့ရှာတော့သည်။
ဟိုး...ဟိုး...ဟိုး...
ဝီး
ဝီး



ကားရပ်လျှင် ချွေးမပေါက်သူတစ်ဦးက နေရာထပေး၍ ဟန်ကျသွားရတော့သည်။
ဘုရား...ဘုရား... နေ့ခင်းသည်ခုထိမမှန်သေး ဆေးဘူး၊ ရန်ကုန်သွားတော့ သိ.ကျူး ပါတယ်...
ဟေး
ဘောင်ချာကလာတောက်လျှင် မေးမြန်းရာမှ...
လိပ်စာမပါရင် ရန်ကုန်မှာက ခိုးပါ...
၁၀၆
တစ်ခါမနက်ကလှိုက်လဲ မေးမြန်းပါသော်လည်း သိသူ မရှိကြ။
ကိုဝင်းထွန်း
မသိ... မသိ... မသိ...


ဟာ… အလကားကြီး…
ဟို.. တယ်လီဖုန်းလေ…
တယ်လီဖုန်းပြန်ဆက်ရမယ်၊
တချိုးသိခန့်ကို…
ဟုတ်ပါရဲ့… ဘယ်မှာရှိသလဲ မေးကွာ…
အဒေါ်တို့ တယ်လီဖုန်း ဘယ်မှာရှိ သလဲခင်ဗျ၊
ဟိုဒီရှေ့ဆိုင်မှာ ရှိတယ်ကွယ်၊ တစ်ခါဆက် နှစ်ကျပ်၊
တယ်လီဖုန်းမဆက်ဖူးကြချေ။
မြင်တောင် မမြင်ဖူးဘူး၊
ဗီဒီယိုထဲမှာတော့ မြင်ဖူးတယ်၊
ဟေ့… ဒါမြင် ဗိုက်ကလေးကိုပဲ အရေတင်ရမှာပဲ
၁၀၃



အမှန်က ကျွန်ုပ်လည်း ဖိုးဒီပါ့ထဲတွင် မြင်ဖူး၏။ သို့သော် လက်တွေ့မှာ မသေချာသဖြင့် မမြင်ဖူးပေ ယောင်တောင်ရှ၏။ ဗိုက်ကလေးကို သာ တွန်းရ၏။
သွားပါကွာ၊ မင်းမဆက်တတ်လဲ ဆိုင်ရှင်ကို ဆက်ခိုင်းပေါ့...
ဘုရား ဘုရား
ဗိုက်ကလေး လည်း တချီတချီပင် ငင်၏။ ကောင်မလေး များ တပေါ်ပေါ် ဟားဟားဖြင့် စကား ပြောနေကြရာ လူပျိုကြီး ဗိုက်ကလေးမှာ ရှက်လှချေပြီ။
တယ်... တယ်လီဖုန်း
ဟား.....ဟား.....ဟား.....
ဟိ...ဟိ...
ဝိ.....ဝိ.....ဝိ...
ဆက်လေ... ဒီမှာ....



တယ်လီဖုန်းမောင်ကတော်တော်ပဲ ပျော်နေတာ ရက်သပြင့်...
ဟို... ဗီဒီယိုထဲမှာ မြင်ဖူး တာပဲဟာ၊ ကိုယ်ပါမောသာ ဆက်မယ်ပါဘာခါက်တာ မှတ်လို့...
ဘယ်မှာပါကလဲ... အီ...ဟုတ်ပြီ ဟိုမှာ...
ဗီဒီယို ထဲတွင် မြင်ဖူးသော ပုံစံနှင့် တော့ သိပ်မတူ။ သို့သော် ဗီဒီယို ထဲတွင်မူ တယ်လီဖုန်းပုံစံကို နှစ်မျိုး သုံးမျိုး မြင် ဖူးရ...
ဒါပဲ နေမှာပါပဲလေ၊ ဆက်မှ...
၁၀၃


ဗိုက်ကလေးသည် တာပ်ကပ်ပြီးမှန်းကို ကိုင်ပြီး ပေါ်ကောင်းလိုက်ရာ.....
ဂျ...ဂျ...ဂျ...
ဗြိ..
အောင်မလေး...
လွှဲ ပစ်လိုက်လျှင် ပစ်မလွဲ ကိုယ်ပြင်လုံး ပိုင်ရှင်မလေးမှုင် ကို တိုက်ရိုက် ထိမှန်လေရော....
ဂျ...ဂျ...ဂျ...
အောင်မလေး
၁၁၀


မိန်းကလေးများ ပြေးလာပြီးကြည့်၍ ဂေါ် ဗိုက်ပူနှင့် တယ်လီဗီဖုန်း
များမှန်း သိချေလျှင် တဟားဟား ရယ်မောကြချေပြီ။
ဟား...
ဟား...
ဟား...
ဟား...
ဟား...
ဟား...
ရယ်... ရယ်... ရယ်ကြ..... ဒီမှာတော့ ပါးကွဲမယ်း သွားပြီ......
အူး.....ဟူး.....ဟူး...... တယ်ပြီး ပုလှချေရဲ့ဗျာ.....
ဒီနေ့ကံမကောင်း ပါလား......
အိုး...ဟိုး...ဟိုး... အူး...ဟူး...ဟူး...



နောက်ဆုံး ထို မိန်းကလေးများပင် ဖုန်းဆက်ပေး၍ ဓာတ်ဆိုး ခိုခြင်း
ဆက်ရှားခွင့် ရလိုက်ချေသည်။
ဟဲလို......
ဟုတ်ကဲ့ရှင်...
ဒီမှာ... ××××
××××××××
ဗိုက်ကလေးကား ရှုံ့ရှုံ့ရွဲ့ရွဲ့ ဖြစ်နေ၏။
အီး...ဟီး...ဟီး..., ကော်ပြီ...
ဗဟုတွတ်ရဲ့ ဗိုက်ပြဲ...
အီး...ဟီး...ဟီး....
အူး...ဟူး...ဟူး....
တောင်းပန်ပါတယ်...
ပုလွေမလိုးရှိ...
ဟဲ့...ဟဲ့...
ကွက်ပြီးခုနာကွာပဲ...
အသားလွတ်
ပါလား....


မြို့ထဲသို့ ကားပြန်စီးလာကြရာ ကားပေါ်မှလူများကောင်းမှု ကြောင့် ရွှေတိဂုံဘုရားသို့ ရောက်ခဲ့ရသည်။
အာဒီမှာဗျိုး.... အဲဒီက လှေကားကြီးအတိုင်း ရွှေတိဂုံဘုရားကို ရောက်ရောပဲ...
ကဲ... မောင်ရေ... ကိုဝင်းထွန်း ဆီမှ ရှာမတွေ့လဲ ရွှေတိဂုံဘုရား တော့ဖူးရပါတယ်။


ဖိနပ်အပ်ရာ ကျွန်ုပ်ဖိနပ်ကို ကြည့်ပြီး ရယ်မောကြသည်။
ဝှဲ...ဝှဲ...ဝှဲ... ဒီမှာလုပ်တာ သုံးနှစ်ရှိပြီ၊ ဒီဖိနပ်မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ ဟီး...ဟီး...ဟီး...
ခံရှုမှ၊ ခံရှုမှ၊ ဟီ..ဟီ..
ကျွန်တော်လို တစ်သက်လုံး ဖိနပ်မစီးခဲ့တဲ့ လူက ဒီနေရာမှာ ဟန်ကျသပေါ့...
ကျွန်ုပ်၏ခြေဗိုက်ကလေး ကား ဖျက်ကြာဖိုး သတ် မရအောင် အူမြုံးနေ ချေပြီ။ ကောင်းလိုက် သည့်တာပည်။
ချာတူးလံတာပည်!


ဘုရားရင်ပြင်သို့ရောက် ကျွန်ုပ်တို့ကား စိတ်နှလုံး အေးချမ်း
သွားချေပြီ။ မသေးမှိုင်ကား လောကတွေမေ့ကာ ဝတ်ပြု
နေ၏။ သူမဖူးချင်သော ရွှေတိဂုံစေတီတော်မြတ်ကြီး
ကို အခေါက်ခေါက် ဖူးပြီးကြားမှ ရွှန်းစားပို့ဆောင် ဝိဇ္ဇာဖြင့်
ကျွန်ုပ်လည်း ပီတိ ပွားမိရပေသည်။
၁၁၅


ညနေစောင်းမှ ဘုရားရင်ပြင်ပေါ်က ဆင်းကြ၏။
ဘာပဲပြောပြော ကျွန်မ ရှင်တို့ကို ဘုရားဖူးခိုင်းတဲ့ ကုသိုလ်တော့ ပြည့်ပြီ ရှင့်၊ ကိုဝင်းထွန်း အိမ်ရှာမတွေ့လဲ ပြန်တော့မယ်၊
ကောင်းပါ လေ့ကွယ်၊
စောင်းတန်းရှည်လေးတွင် လမ်းလျှောက်လာကြရာ အပေါ်စီးမှ မြင်ရသဖြင့် ရန်ကုန်ရှုခင်းကား သာယာလှပါ၏။
ဟဲ့... ရှေ့ဆက်စရာ အပေါက်မရှိတော့ဘူး၊ နံရံကြီးပဲ ကျန်တော့တယ်၊
ဟ... တံခါးပိတ်လိုက်ပြီ၊ ဘယ့်နှယ်ရှာလုပ်ပါတာလဲ..


အို... အဘကျော်ရဲ့.. ဓာတ်လှေခါးစီးပြီး ဝင်လာတာ မဟုတ်ဘူးလား...၊ ဒါဓာတ်လှေကားမျိုး ခေါက်ချင်းတာ
ဟင်... ဓာတ်လှေကား ဟုတ်လား၊ အဘလဲ ဓာတ်လှေကားဆိုတာ!
လောကဓာတ် သိပ္ပံပညာကို ကျွန်ုပ်ပြုစု ရလေပြီ။



ကျန်ရစ်ခဲ့သော ဘွတ်ဖိနပ်ကို ပြန်တက်ယူရသေး၏။ ကတ္တရာလမ်းကား အပူ တရှိန်ရှိန် ထနေသည်။ ကျွန်ုပ် ဘွတ်ဖိနပ်ကား ပူသည်ဟူ၍ မထင်ရ။ တစ်သက်လုံး ဖိနပ် မစီးဖူးခဲ့သော ခြေထောက်ကလေးကား ရွှေ့ရွှေ့ခုန်နေရချေပြီ။
အိုး... ပူတယ်ဗျ... ပူတယ်ဗျ...
ဒေါင်ခဲ့... ဒေါင်ခဲ့...
ဒီနေ့ကျ ဆရာတွက် ဘွတ်ဖိနပ်က ဟန်ကျသဗျို့...
လမ်းဖြတ်ကူးရာ တစ်နေရာ အရောက်..
လာ..လာ... ကားပေါ်တက်စမ်း...



ကျွန်ုပ်တို့ကား ဘုမသိဘမသိဖြင့် ကားစီးကြီးပေါ်တက်ထိုင်ရလေ၏။ လူအချို့လည်း ရှိနေသည်။
ဪ... ဒါဟာ ဧပတိသက်တွေပါကိုးကွ၊ ငါ့ကို မြင်ရုံ ဗာတွက်ဖို့မှန်း သိတဲ့လူတွေ ဖြစ်ရမယ်၊ ငါတို့သွားချင်တဲ့ ကားနဲ့လိုက်ပို့မလို့ နေမှာပါ...
ကိုဂိုး... သေးမှုင်နဲ့ဖိုက်ကလေးရေ့ စိတ်အေးအေးသာနေကြတော့ပေါ၊ သူတို့ပဲ ကိုဝင်းထွန်းကိုယ် ရှာချိုင်းရမယ်၊
စည်းကမ်းမဲ့ လမ်းကူးမိလို့ အဖမ်းခံရတဲ့ ကြားထဲပေါက် တွေနဲ့ လာတိုးနေ တာပဲ ကိုယ်ပါလိုက်မင်းရော
ဟုတ်ပါ့မှာ ကိုစောဝင်းမောင် ရေ...


ကားစီးမင်းကြီး မောင်းနှင်ခဲ့ပြီး ခရီးဆုံးသော် ကျွန်းပတ်တို့မှာ ဒဏ်ငွေဆောင်ရတော့သည်။
ဟယ်... ဘာလို့ ပိုက်ဆံ ပေးရတာလဲ...
အို... ခင်ဗျားတို့လဲ ကျွန်တော်တို့လို လမ်းစည်းကမ်း ဖောက်ဖျက်ကူးတာကိုးဗျ၊ အခုစီးချက် ရှိတယ်၊
သုံးရာတန် အိတ်...
ကိုဇော်ဝင်းမောင် ခင်ဗျားအလှည့် ရောက်ပြီ၊
ဟိုက်... ဒါကို ဒီလိုကားနဲ့ တင်ခေါ်တာမှ မဟုတ်ဘဲ... ဖမ်းတာကိုး...
ကုန်ပြီ... ကုန်ပြီ... အလစ်သုတ်ခံရတာနဲ့ ဒဏ်ငွေဆောင်ရတာနဲ့ ကုန်ပြီ ဗွက်ပြီရော..
နက်ဖြန်ခါ တောပြန်တာပေါ့ကွာ...
ဟာ!
၁၂၀


ရွှေတိဂုံ ဘုရားလည်း ဖူးပြီးပြီ။ ရန်ကုန်လာသည့် ရည်ရွယ်ချက်လည်း ပြည့်ပြီ၊ နက်ဖြန်ခါတော့ တောပြန်ရမည်။
ဟာ... ကုန်တိုက်ကြီး ဝင်ကြည့်ရအောင် လေ...
ကျွန်ုပ်တို့သည် ကုန်တိုက်တွင်း၌ ပစ္စည်းများကို တအံ့တဩ ငေး မောကြည့်လာကြသည်။
ဟယ်... ဒီမိန်းကလေးက ချောလိုက်တာ၊ ကျက်သရေ သိပ်ရှိတာပါနော်၊ မျက်လုံး လေးတွေကတောက်ပ လိုက်တာ...


ဟွန်း…ဟွန်း… အစေတာပဲ့ နှစ်ပေါက်နေ၊ မိန်းကလေး ဆိုင်မယ်ပြီ၊ တော်သေးတာပေါ့၊ ကလေးမက မှန်ပုံးထဲ ဝင်ထိုင်နေလို့သာပဲ၊ အပြင်မှာဆို ကွဲများကွဲမလား မသိဘူး…၊ ဟွန်း…ဟွန်း…
ဟိုက်… အ…အ… အကျွတ်…
လုပ်ပါအုံးဗျို့… ကျွန်တော် ရှိန်နဲ့ ကြွသွားပြီ……


ကျွန်ုပ်ကား ပျာယာခတ်သွားပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေစဉ် နံဘေးမှ လူများက...
အို... အဲဒါ စက်လှေကားကို ခေါ်တာပဲဗျ- တော်ကြာ ပြန်ဆင်းလာပါလိမ့်မယ်၊
အင်မျာ... ဟုတ်ရဲ့လားဗျာ... တပည့်ကြီး အတွက် စိတ်ပူလို့ပါ...
ဗိုက်ကလေးကား လှုပ်လည်း မလှုပ်ရ။ မျက်စိသူငယ်ဖြူ ပါသွားရှာ၏။ ကျွန်ုပ်တို့ ငေးမောလျှောက်လာရင်းမှ ဗိုက်ကလေးမှာ ယင်း စက်လှေကားဟူ ခေါ်သော အရာကြီးပေါ် တက်နင်းမိ၍ ပါသွားခြင်း ဖြစ်ပေမည်။
ဟင်... ဗိုက်ကလေး ပျောက်သွားပြီ လုပ်ပါဦး ကိုကိုတွတ်...
ပြန်ဆင်း လာမယ် မပူပါနဲ့!


စက်လှေကားကိုသာ ကျွန်ုပ်တို့ကြည့်ရှုနေစဉ် ...
ဟော... ဆင်းလာပြီ ဟင်... ဗိုက်ကလေးလိမ်ဟုတ်ပါလား၊ ကုလားကြီးဖြစ်သွားပြီဗျ၊ ဒီ... ကဝေဖြောင်းသွားပြီလား၊ လုပ်ပါအုံး၊ ဗိုက်ကလေးပါသွားတာ ပြန်ဆင်းလာတော့ ကုလားကြီးဖြစ်သွားပြီဗျ...
ဒုက္ခပါပဲ...
ကျွန်ုပ်ကား ကုလားကြီးကို အတင်းပြန်ဖမ်းပြီး စက်လှေကားပေါ် ပြန်တင်ပေးလိုက်၏။
အားဟား... အားဟား... အားဟား...
ဒါ ကလုပ်တာလဲ... ဟင်... ဟင်...
ဆင်းတာ... ဆင်းတာ...
လုပ်ကြပါအုံးဗျို့......
ဟား... ဟား... ဗိုက်ကလေး... နှင့် ကဝေဖြောင်းသွားတာ... ဒီတစ်ခါ ပြန်ဆင်းမှ ကုလားကြီး ကဝေနေ ဗိုက်ကလေးပြန်ဖြစ်မှာ...



ကုလားကြီးကား မြတ်ကျမည့်
စက်လှေကားအတိုင်း ပါသွားလေပြီ။
ကုလားကြီး မြင်ကွင်းမှ ပျောက်သွားလေသျှင်...
အားးး... အားးး...
ပြန်တက်သွား၊ ပြန်တက်သွား နင်ပြန်တက်သွားမှ အခင်းဖိုက်ကလေး ပြန်ပြပါမှာ...
ဟီး...ဟီး...ဟီး...
ဟော..ဟော... ဟိုမှာ... ဟိုမှာ... ဖိုက်ကလေး ပြန်ဆင်းလာပြီ... အို...ထူးဆန်းတဲ့ စက်လှေကားပဲ... လူကို ၇၀ ပြောင်းသွားစေတယ်...


ကျွန်ုပ်နှင့် မစေးမျှင် သည် ဗိုက်ကလေးကို ဖီးဖမ်း၍ ချောင် ထား၏။ မတော် တခြားလူတစ်ယောက် ကဖမ်းချုပ်ပြီး စက် လှေကားအောက်ပေါ် ပြန်တင်ပေးက ဘဝထပ် ပြောင်း သွားမှာဖြင့်...
ကျွန်ုပ်နှင့် မစေးမျှင်သည် ဗိုက်ကလေးကို ဆွဲကာ ပျာ ထူးဆန်းလှသည့် စက်လှေကားကြီးနှင့် ဝေးရာ ကုန်တိုက်ကြီး အပြင်ဘက်သို့ တအား ပြေးထွက်ခဲ့ပါသတည်း။
တော်သေးတာပေါ့. ကိုကိုတွက် လျှင်မြန်စွာ ဖျတ်လတ်ပေလို့... ဗိုက်ကလေးကလားကြီး ဘဝနဲ့ မဆုံးတာ...
ထူးဆန်းပါပေ့ အရေတွက်ရှယ်.


ဆိုက်ကာသော် ထမင်းဆိုင် မဝင်နိုင်၍ လမ်းဘေးမှ ဈေးပေါသော သုတ်ဆိုင်စားကြ၏။ စားနေစဉ် ဆိုင်ရှင်မှာ ဗျောမန်းကြီး ခေါင်းပေါ် ရွက်၍ ပြေးတော့သည်။
လာပြီဟေ့... လာပြီ....
ပလက်ဖောင်းပေါ်တွင် ကျန်ရစ်သူတို့မှာ ပန်းကန်ကိုယ်စီကိုင်ရင်း ကြောင်တက်တက် ကျန်ရစ်သည်။
ဟာ... ဆိုင်သိမ်းသွားတာ ကလဲ မြန်လိုက်တာ၊
ရန်ကုန်သားတွေဟာ သွားသုတ်သုတ် စားသုတ်သုတ်ပဲနော်၊ ခုပဲ ကြည့်... ဆိုင်သိမ်းတာကလဲ စားတဲ့လူတောင် မပြီးသေးဘူး ပြေးတာပဲ၊
ဟုတ်ပ ဗျာ...
သရ



ထိုစဉ် ကားစိမ်းကြီး တိုး ရပ်ပြီး ထိုင်ခုံများ ကို ကားပေါ်တင်သည်။
အို... သူ့ဈေးကောင်းတာလဲ မကုန်သေးဘူး၊ အချိန် မတိုင်ခင်ကျ ဆိုင်သိမ်း တာ နေမှာပေါ့...
အချိန်ကလဲ တိပဲတိကျ လွန်းသကွာ၊ ပန်းကန်တွေတောင် ဆေးသိမ်း မသွားဘူး...
မြန်မြန်ပါ။ အငှားပန်းကန်နဲ့ ခုံပါသိမ်းမယ်၊
ဟျှော်... ဒီစည်ပင်သာယာက ကားဖိုင်တာကတော့၊ ဒါပေမယ့် ခုတွေကျ ကားရှိလာပါပြီ ဈေးဆိုင်ကြီး ကျရှက်သွား တယ်...၊ ထူးဆန်း ပါပေ့...၊
တောသားတွေ... အချဉ်ဖမ်းရမယ်...


တိုက်ကွေ့အချိုးမယ်...
ဟယ်... လက်ကောက်တစ်စုံရဲ့ ပွတာပဲ...
အို... ကျွန်တော် အရင်းတွေတာ...
ကျွန်တော် အရင်းတွေ့တာ ဗျ...
ကျွန်မ အရင်း တွေ့တာပါ... လုပ်ပါဦး ကိုကို ရှင်...
ကျွန်ုပ်လည်း အားနာ သဖြင့် ဖြေရှင်းရ ခက်နေသည်။
“ ဒီလိုလုပ်ဗျာ.. ကျွန်တော်တို့ နှစ်ယောက် လုနေရင် လူသိကြမယ်၊ ကျွန်တော်က လက်ကောက် မလိုပါဘူး၊ ငွေရင်းယူမယ် ”
“ ကျွန်မက လက်ကောက်ပဲ လိုချင်တယ်.... ”
“ ဒါဖြင့် အစ်မကြီးက ကျွန်တော် တစ်ဝက်ပေးပြီး ကျွန်တော့် ကို ငွေပဲပေး ”
“ တစ်ဝက်ဘိုး ဘယ်လောက်” မေးရမှာလဲ
၁၂၆


လက်ကောက်ကက တစ်ကျပ်သား လောက်ရှိမယ်မျာ၊ ခုခေတ် ပေါက်ဈေးနဲ့ဆို [၈၀၀၀] လောက်တော့ ရမှာပါ၊ တစ်ဝက်ဆို [၄၀၀၀] ပေါ့၊
အို.. ကျွန်မတို့မှာ ငွေ ဒီလောက် မပါပါဘူးရှင်၊ ပါတဲ့ငွေလဲ ကုန်လှပြီ၊
ခက်တာပဲမျာ၊ ဒါဖြင့် ဆိုင်သွား ရောင်းပြီး ငွေခွဲယူကြတာပေါ့၊
အို.. ကျွန်မ မရောင်းချင်ဘူး၊ ဒီလို လုပ်ပါလား ရှင်၊ ကျွန်မတို့မှာ ပါသမျှငွေ အကုန်ပေးပါ့မယ်...
ဟုတ်ပါတယ်မျာ၊ ကျွန်တော့် မိန်းမကလဲ လိုချင် လို့ပါမျာ...
၁၃၀


ထိုသူမှာ စဉ်းစားဟန်ပြပြီး
ကောင်းပြီလေ၊ ဘယ်လောက်ပါသလဲ
အိတ်ကွန်းတာမှောက် ရှာကြရာ...
ငါးရာလောက်ပဲရှိတယ်၊ လမ်းစရိတ် ငါးဆယ်ချန်၊ ကျန်တာယူပေါ့...
ရှာပါဦး နှံ့အောင်
အေးဗျာ...ခင်ဗျားတို့ကိုမြင်တော့ ဆွေမျိုးရင်းချာလို့ ထင်မိပါတယ်၊ ပေး...ပေး... အဲဒီငွေတွေ...
ယင်းမှာကျွန်ုပ်၏ ဘဝပေးကုသိုလ်ပင်။ မျက်နှာမြင်ချမ်းသာ ပါပေ ပေါ့။


ငွေ [၄၅၀] ယူပြီး ထွက်သွားသော ထိုလူ၏ကျောပြင်ကို ငေးမောရင်း ကျွန်ုပ်တို့ မေတ္တာပို့ ကျန်ရစ်၏။
မောင်မင်းကြီးသား သူတော်ကောင်းကြီး ဘုန်းကြီးလို့ သက်ရှည်ပါစေ....
ဟီး..ဟီး.. လက်ကောက် ကြီးပွတာပဲ...
ဪ. သားတွေဟာ ဆိုးတဲ့လူတွေ ရှိသလို ခုလို သဘောထားပြည့်ဝတဲ့ လူတွေလဲ ရှိပါကလား... ကောင်းလေစွ ကောင်း လေစွ....
မသေးမျှင်ကား သူ့မလက်ကောက်ကလေးကို စိတ်မချသဖြင့် ထန်းခေါက်ဖာ တွင်းတွင် အသေအချာ သိမ်းထည့်ချေ၏။


ဟိုး… ဟိုး… ဟိုး… တစ်ကျပ်သားတန်
လက်ကောက်ကြီးကို လေးရာ့ငါးဆယ်နဲ့
ဝယ်တော့၊ ကြံ့တိုင်းရွှေပြန်ရောက်မှ
တစ်သောင်းတောင်ပေးရတယ်ဗျာပြီး
လက်ကြွကြွလျှောက်ပစ်မယ်ဗျ…
လက် လေ့ကျင့်ခန်း လား…
သူနေစောင်းသော် ကျွန်ုပ်တို့မှာ တစ်ဆူးခိုခန်းသိ မေးမြင်း
ဂျပြန်လျှောက်လာကြရော……
ဟာ… အရှူတွက်……
အရှူတွက်……


ကွန်ပြူတာမည်ခေါ်သံကြားသဖြင့် လှည့်ကြည့်ခဲ့ရာ
လေးဘီးကားပေါ်မှာ ကိုဝင်းထွန်းကြီး ...
ဟား... ကိုဝင်းထွန်း
ရှာလိုက် ရတာဗျာ...
ကိုဝင်းထွန်းကိုတွေ့လျှင် မသေးမျှင်မှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင်ကျရှာ၏။
ဟင့်...ဟင့်...
မငိုပါနဲ့ မျှင်ရယ်-တိတ်တိတ်
သို့ဖြင့် ကိုဝင်းထွန်းအိမ်သို့ လာခဲ့ကြရာ လိုင်စင်ပျောက်ကြောင်း သိရချေလျှင် ကို-ဝင်းထွန်းမှာ စိတ်မကောင်းတော့ပါချေ။
ဒုက္ခရောက် လိုက်တာ


အို.... ဆရာတွေ... ဟင်..မမချင်လဲပါတယ်... ဟယ်... ကိုဗိုကြားလေးပဲ ဟဲ့သော.. လာကြ...လာကြ...
ကျွန်ုပ်တို့၏ တစ်ပတ်ကြာ ရန်ကုန်အတွေ့အကြုံကို ကြားရချင် သူတို့မှာ အံ့လည်းဩကြ၊ ရယ်လည်းရယ်ကြ၊ စိတ်လည်း မကောင်းကြ ဖြစ်ကြလေသည်။
ခုတော့ ရွှေတိဂုံဘုရားလဲ ဖူးပြီးပြီ၊ မျက်စိလည်ရင်း ရောက်သွားတာလေ... ဟား...ဟား...ဟား...
ထူးဆန်းပါပေ့ အတွေ့ထူးပဲ


အမယ်... တစ်ခုတော့ ရှိသရှင့်၊ ဂေါ်ပြားပျောက် သွားလို့ ရှာရတာ ပင်ပန်း လေမယ့် အမြတ်တော့ ထွက်ခဲ့သရှင့်...
ဘာတုံး မမမြင့်
မသေးမျှင့်ကား သူ့ထမင်းခေါက်ဖာကြီးကို ဖွင့်၏။ အထပ်များကြားတွင် အထပ်ထပ်ထုပ် ပထားသော အထုပ်ကလေးကို ဖြေ၏။
ဒီမယ်ပါဟေ့၊ တစ်ကျပ်သား ရွှေလက်ကောက်ကြီး၊ လေးရာ့ ငါးဆယ် နဲ့ရသတော့... ဟီး...ဟီး...ဟီး...


မသေးမျှင်ကား ဖိတ်ဓါ အဟုန်ကို မထိန်းနိုင်ဘဲ ဖြစ်နေသော မိန်းမပျော်လျှင် ကျွန်ုပ်လည်း ပျော်ပါသေသည်။ သို့သော် မသိမှာ လက်ကောက်ကြီးကို ကြည့်ပြီး....
ဟင်... မမမျှင်ရေ၊ စိတ်တော့မကောင်းစရာပဲ....
ဟယ်... ဘာ... ဘာ... ဘာဖြစ်လို့လဲ မသိ...
ဒါ အတုကြီးပဲ၊ မမျှင်တို့ကို လိမ်သွားတာ... တန်ဖိုး လေးငါးဆယ်ပေါ့...


ဟဲ့...ဦးကျွေ... ဘုရားစူး...
ကယ်ပါအုံး......
သူက လက်ကောက်ကို ချထားပြီး
တစ်နေရာက စောင့်ကြည့်နေတာ၊
မမမျှင် ပြေးကောက်တော့
သူလဲ ပြေးကောက်ပြီး
အကျက်မိ
တာပေါ့...
ဟင်း
အီး...ဟီး...ဟီး...ကျွန်ပါပြီ...
ကျွန်ပါပြီ...ငါ့ငွေတွေ...
လျော်ရတာနဲ့၊ ဒဏ်ကြေးဆောင်
ရတာနဲ့၊ အခု အလိမ်ပါ
ခံလိုက်ရပြီ...အီး...
ဟီး...ဟီး...
အို... ကျွန်ုပ်တို့က၊
လိမ်တဲ့လူကို မေတ္တာပါ
မို့ လိုက်ကြပေးသမျှ..
ဒီနေ့ ကံမကောင်း
ပါလား...


ကျွန်ုပ်လည်း ကိုဝင်းထွန်းတို့၏ မြို့ပြအခန်းကလေးကို အကဲ ခတ်ချေရာ အကျယ်မှာ ဆယ်ပေပင် မပြည့်တတ်။ အရှည်မှာ ဆယ့်ငါးပေလောက်။ နေရထိုင်ရ ကျဉ်းကျပ်လှသည်။
အေးလေ... မြို့ပြမှာတော့ ဒီလိုပဲ နေကြရမှာပါ
တောသား ကျွန်ုပ်မှာမနေတတ်။ ရေလာထည့်သည်ကို တွေ့သော် ရေချိုးရမှာကိုပင် အားနာလှချေပြီ။
ရေတစ်စည် ကယ်လောက် ပေးရအုံး
နှစ်ကျပ်..
ဟိုက်... ရေချိုးရမှာ လက်တွန့်သွားပြီ


ဟိုက်…ရေတောင် အလကားမရဘူး၊ နှစ်စည်လေးကျပ်၊ တစ်လ တစ်ရာ့နှစ်ဆယ်၊ မကျွယ် ပါလား….
တော်မှာ ဆို….
ဟီး..ဟီး.., ကိုယ်ပိုင်ရေကူးကန် ကျနေတာပဲ…
ထမင်းစားအပြီး ကလေးများကော လူကြီးများပါ ဟင်းခွက်တမ်း ကျ ဖြစ်သွေရာ ကျွန်ုပ်မှာ မိဖြူသားများ ကိုယ်စား ငွေမော ရပေသည်။
အီး… ဟီး… ဟီး… ဟင်းတုံးကြီး ကြမ်းပြင်ပေါ်ကျတာ ပြန်ရှာမရတော့ဘူး…
ထပ် မရဘူး
မှန်ဘီလူး လိုမယ်…
၁၄၀



တောမှာ သာဆို...
အလကားနေ အလကားပဲ၊ ထမင်းစားတာ ဒီနေ့ လေးထပ်ရှိပြီ၊
ကြားချင်ယောင် ဆောင်နေပြန်ပြီ...
နောက်နေ့တွင် ဘုရားဖူး လိုက်ပို့ပေးရ၏။ ကိုဝင်းထွန်းမှာ အငှားလေးဘီးကား မောင်းသဖြင့် ဘတ်စ်ကားတိုးစီး ရသော ဒုက္ခအေးသွားသည်။
အခု... ကျွန်ုပ်တို့ကို လိုက်ပို့တာ ဆီဘယ်လောက်ကျန်သလဲ
နှစ်ဂါလံ ထပါ
၁၄၁


တစ်ဂါလံ ဘယ်လောက် ပေးရဦး
ရှစ်ဆယ်၊
အို…ဒါဆို ဆီဖိုးက တစ်ရာ့ ခြောက်ဆယ်ကျပ်ပေါ့၊ ထားဆိုက် ဦးတို့ ဦးနေ့ ခုနစ်ရာကျော်ခဲ့တော့ ပေါ့ဗျာ၊ ဖြစ်သေးပါဘူး ခင်ဗျားတို့ မြို့ပြစရိတ်က ကြောက်ခမန်း လိလိပါ လားဗျို့…
သားဈေး ငါးဈေး များကို ကြားရချေသော် ကျွန်ုပ်တို့၏ မျက်လုံးများသည် ပုစွန်ဆိတ် မျက်လုံး များ ဖြစ်ကုန်ပြီး ပြန်မကျဦး နိုင်တော့ပါဗျ။
ဟူး… သီး ကျူးပါဗျာ၊ ခင်ဗျားတို့ မြို့သားတွေကို…


ကျွန်ုပ်တို့တောမှာသာဆို သွားချင်ရင် လှည်း၊ စားချင်ရင် သားငါး သစ်သီးဝလံကလဲ ပေါသပေါ့၊ ပွဲလမ်းသဘင်လဲ မရှိတော့ တစ်နေ့လုံးနေမှ ငွေတစ်ပြားတောင် မထွက်တဲ့ရက်လဲ ရှိပါသဗျာ...
ငွေတစ်ကျပ်ရှိတယ်၊ မုန့်သည် မရှိဘူး၊
မြို့ပြမှာတော့ လမ်းထွက်မိရင်ပဲ ငွေက ထွက်နှင့်ပြီ။
ဟ.
မတက်နဲ့နော် တက်မိရင် ငွေတစ်ကျပ်ပဲ ဟ...ဟ...
ကျွန်ုပ်တို့မှာ ကိုဝင်းထွန်းတို့ အစား ရင်မောနေမိရ ချေပြီ။

အခန်း(၃)

● မြို့ပြမှ ပြန်ပြီ


သင်္ဘောကြီးသည် ရှန်ကျန်း
မြို့ပြမှ ထွက်ခဲ့ပြီဖြစ်၏။
မြို့ပြရှုခင်းသည်
တဖြည်းဖြည်းဝေးကျန်
ရစ်ခဲ့လေပြီ။
ကျွန်ုပ်အာရုံဝယ်
ထင်ထင်ရှားရှားပေါ်
လာသည်ကား တစ်
မြန်မနေ့က ကျွန်ုပ်တို့
ကြံတိုးရွာကလေး
သို့ ကိုဝေး၊ ထွန်းတို့
မိသားစု အလည်
ရောက်လာစဉ်က
ပုံရိပ်များပင်။
မြို့ပြနှင့်ကျေးလက်
သည် အစစအရာရာ
ကွာခြားချင်တိုင်း
ကွာနေ၏။
ကျွန်ုပ်ရင်ဝယ်
အမျိုးအမည်ဖော်
ပြနိုင်ခြင်းငှာ
မစွမ်းသော
ဝေဒနာတစ်ရပ်
သည်သူ့ကူးကပ်ငြိပါလာတော့၏။
၁၄၄
ရယ်မောခြင်းဖြင့်
ဘဝအမောပြေနိုင်ကြပါစေ။